# ရေးလာတဲ့ပေးစာ



## သို့– ဝွၼ်းခေါ်အယ်ဒီတာ ခင်ဗျား

မေ ၈–၉–၁၀ ရက် ၂၀၀၈ က သျှမ်းပြည်အရှေ့ပိုင်း မိုင်းခတ်မြို့နယ်မှာကျင်းပတဲ့ ဆန္ဒမဲပေးပုံကို ပြောပြချင်ပါတယ်။

မိုင်းခတ်မြို့နယ်မှာ မဲရုံ ၁၈ ရုံ မဲပေးခွင့်ရှိသူ ၂၁,၀၀၀ ကျော်ရှိတယ်။

စစ်အစိုးရတင်းကျပ်စွာ ထိန်းချုပ်ထားတဲ့ ရပ်ကွက် ၁ ရပ် ကွက် ၂၊ မိုင်းဟန်အုပ်စု၊ ဖာလာကော်အုပ်စု၊ မိုင်းကာအရှေ့အုပ်စု၊ ဝမ်ခုတ်အုပ်စု၊ နောင်လုံးအုပ်စု၊ မိုင်းနွံးအုပ်စု ၈ ရပ်ကွက်ဖြစ်ပြီး ကြက်ခြေခတ်မဲများတဲ့ အုပ်စု တာဝန်ရှိသူတွေကို အရေးယူမယ်။ ကန့်ကွက်မဲပေးသူရဲ့ နာမည်စာရင်းအသေအချာမှတ်ယူပြီး မယကရုံးကိုတင်မယ်။ အခြေခံဥပဒေအတည်ပြုပြီးရင် ကန့်ကွက်မဲပေးသူတွေရဲ့ အခွင့်အရေးကို လုံးလုံးပိတ်ပင်လျှော့ချမယ်။ အနူတစ်ယောက်လို သဘောထားဆက်ဆံမယ်လို့ ပြောတယ်။

မဲရုံထဲဝင်လာသူကို လက်မှတ်ထိုး/လက်ဗွေနှိပ်ခိုင်းတယ်။ ကော်မရှင်က မဲလာပေးသူကို ကြည့်တယ်။ စာမတတ်တဲ့လူဆိုရင် အမှန်ခြစ်ပြီးသား မဲလက်မှတ်ထုတ်ပေးတယ်။ သို့မဟုတ် အမှန်ခြစ်ပေးတယ်။ စာတတ်တဲ့လူဆိုရင်တော့ ကော်မရှင်တွေရှေ့မှောက်အမှန်ခြစ်ခိုင်းတယ်။ ဒါကြောင့် တော်ရုံတော်ရုံတန်ရုံလူ ကြက်ခြေခတ်ကန့်ကွက်မဲ မခြစ်ရဲကြဘူး။ တစ်ဘက်ကလည်း *"ကြက်ခြေခတ်ခြစ်ရင် ထောင်ဒဏ် ၃ နှစ် တရုတ်ယွမ်ငွေ ၁၀၀၀ ဒဏ်တပ်ခံရမယ်"* လို့အော်ပြောနေတော့ ကြက်ခြေခတ်မဲဘဲ ခြစ်ချင်တဲ့ရွာသားတွေ မဲမထည့်ပြန်လှည့်ထွက်သွားကြတာတွေလည်း ရှိတယ်။

မဲပေးပွဲပြီးတာနဲ့ ကြက်ခြေခတ်မဲထည့်သူစာရင်းအရ ရပ်ကွက် ၁ မှာ ၈ ဦး၊ မိုင်းဟန်မှာ ၂ ဦး၊ ရပ်ကွက် ၂ မှာ ၂၃ ဦး၊ ဖာလန်ကော်မှာ ၁ ဦး၊ ဝမ်ခုတ်မှာ ၁၀ ဦး ၊ နောင်လုံးမှာ ၁ ဦး ၊ မိုင်းနွန်းမှာ ၁၆ ဦး၊ မိုင်းကာအရှေ့မှာ ၄ ဦး မယကရုံးမှာ မှတ်တမ်းတင်ထားတယ်လို့ကြေငြာတယ်။ ကျန်တဲ့အုပ်စုကိုတော့ ကန့်ကွက်မဲထည့်သူ အရေးယူမယ်၊ ဘာညာဘာမှမပြောခဲ့ဘူး။နမ့်စော်အုပ်စုမှာဆိုရင် ထောက်ခံမဲ ၁၃ မဲ၊ ပယ်မဲ ၃၂ မဲနဲ့ ကန့်ကွက်မဲ ၃၀၀ ကျော်ရှိတယ်။

နောက်တစ်ခု စိတ်တိုစရာက အရှေ့မိုင်းကာက ၄ ရွာ မိုင်းဟန်အုပ်စု ၃ ရွာ နောင်လုံးအုပ်စု ၂ ရွာ မဲပေးရုံကို ခြေကျင် ၂ နာရီ ခရီးသွားရတယ်။ မဲရုံရောက်တော့ လက်မှတ်ထိုး၊ လက်ဗွေနှိပ်ပြီးရော မဲပြားကုန်သွားပြီတဲ့၊ မဲမထည့်ရဘဲ ရွာပြန်ကြရတယ်။ ရွာသားတွေ တစ်ယောက်မှ မကျေနပ်ကြဘူး။

စစ်အစိုးရကြေငြာတဲ့အတိုင်း သူ့ဥပဒေ အနိုင်ရသင့်သလား? အတည်ပြုသင့်သလား? ဒီအတိုင်းဘဲ ရှေ့ဆက် အလိမ်ခံဦးမလား?။

**မိုင်းခတ်မှ မကျေနပ်သူတစ်ဦး**



## ဌာနေပြည်သူ့စစ်များ၏အသံ

ဌာနေပြည်သူ့စစ်များကို ယခင်က သကဆဖ–သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ဟု နအဖစစ်အစိုးရ နာမည်ပေးထားသည်။ ကျွန်ုပ်တို့ လက်နက်ကိုင်တယ်ဆိုတာ အစိုးရထုတ်ပေးသော လက်နက်မဟုတ်။ ကိုယ့်ပိုက်ဆံဖြင့်ဝယ်ထားသော လက်နက်ဖြစ်သည်။ ခေတ်ပျက်ချိန်က အသက်နဲ့လဲပြီး ရန်သူဆီကတိုက်ယူရရှိထားသော လက်နက်ဖြစ်သည်။ သောင်းကျန်းသူမှိုလိုပေါက်နေချိန် ငါတို့လားဟူလူမျိုးကို ခြံစည်းရိုးသဖွယ်အသုံးပြုပြီး ခေတ်ကောင်းလာတော့ ငါတို့ကို ဘာအခွင့်အရေးမှမပေး၊ ဒီလိုစစ်အစိုးရမျိုး ၂ ခါပြန်ယုံဖို့ ခက်ခဲလှသည်။

ဒါကြောင့် ကျွန်ုပ်တို့ လားဟူလက်နက်ကိုင်အဖွဲ့က ကြက်ခြေခတ်ခြင်းမှအပ မည်သည့်မဲမှမပေးပါ။ ကျွန်ုပ်တို့မဲပေးသည့် အလှည့်ရောက်မှ မဲပြားကုန်သွားတယ်ဆိုတာ ယုံနိုင်စရာအကြောင်းမရှိပါ။ ❑

## တပ်တွင်းက ဗိုလ်မှူးတစ်ဦးအော်သံ

မိုင်းခတ်အခြေစိုက် ခမရ ၃၂၈ က အမည်မဖော်လိုသူ ဗိုလ်မှူးတစ်ဦး၏ ရင်ဖွင့်သံကို မိုင်းခတ်ဒေသခံတစ်ဦးက ဆက်လက်ပေးပို့ ထားပါသည်။

“ ဒီဥပဒေက တိုင်းပြည်အေးချမ်းသာယာမဲ့ ဥပဒေမဟုတ်ဘူး။ တိုင်းပြည်ဆူပူသောင်းကျန်းမှုဖြစ်စေတဲ့ ဥပဒေဖြစ်တယ်။ အခု ကျနော် ဗိုလ်မှူးဖြစ်နေတယ်။ ကျနော် တစ်သက်လုံး ယူနီဖောင်းစိမ်း မဝတ်ချင်ဘူး။ ကျနော့်သဘောနဲ့ ယူနီဖောင်းချွတ်လိုက်ရင် ကျနော်တို့ဆီ အဓမ္မနည်းနဲ့ ရထားတဲ့ အတည်ပြုချက်နဲ့ ဥပဒေက ကျနော့်အပေါ် ပြန်ပိကျလာမှာဘဲ။ ကျနော့်မှာ သားသမီးတွေရှိတယ်။ စစ်ဘက်ဆိုင်ရာအရာရှိတွေ မဖြစ်စေချင်ဘူး။ အရပ်ဘက်အရာရှိဘဲဖြစ်စေချင်တယ်။ ဖြစ်စေချင်တဲ့ အတိုင်း မဖြစ်တော့ဝမ်းနည်းရတယ်” တဲ့။ ❑

## ဝန်ထမ်းများအသံ

ကျမတို့ အစိုးရဝန်ထမ်းများဟာ ကန့်ကွက်မဲထဲ့ချင်ပေမဲ့ ထဲ့လို့ မရဘူး။ ကျမတို့မိုင်းခတ်က ပန်ဆံကျရွာမှာနေတဲ့ ဦးလောတား ဒေါ်နားထီးတို့ရဲ့သား မောင်စောထူးဆိုတာ မယကရုံးအကူဝန်ထမ်းလုပ်လာတာ ၂ လကျော်ဘဲရှိသေးတယ်။ ရုံးဝန်ထမ်းတွေကို ကြိုတင်မဲထဲ့ခိုင်းတော့ သူက ကြက်ခြေခတ်ခြစ်မဲပေးလိုက်တယ်။ အဲဒါနဲ့သူ့မဲပြားက မယကဥက္ကဌ ဦးငြိမ်းထွေးဆီကိုရောက်သွားရော။ဥက္ကဌကြီးက ဒေါပုန်ထပြီး မောင်စောထူးကို တစ်ပြားမကျန် ဆဲပါလေရော။ မောင်စောထူးကလည်း *“ဒါပြည်သူ့ဆန္ဒခံယူပွဲမဟုတ်လား? ကိုယ့်ဆန္ဒအတိုင်း မဲထည့်တာလေ”* ဆိုတော့ ဥက္ကဌကြီးပြောလိုက်ပုံက–
*“ဒါပြည်သူ့ဆန္ဒခံယူပွဲလို့ မခေါ်ဘူး။ အစိုးရဆန္ဒခံယူပွဲလို့ ခေါ်တယ်– မသေမချင်းမှတ်ထား”* တဲ့။

ဥက္ကဌကြီးထုတ်ပေးလိုက်တဲ့ မဲပြားအသစ်အပေါ် ဥက္ကဌကြီးရှေ့မှာတင် အမှန်ခြစ်ပေးလိုက်ရတာပေါ့။ ဒီသတင်း နာရီပိုင်းလေးအတွင်းမှာဘဲ မိုင်းခတ်တမြို့လုံး ဟိုးလေးတကျော်ကျော်ပြန့်သွားပါလေရော။ ❑

## လူထုအော်သံ

**၁။** ပြည်သူလူထု၏ ဆန္ဒမပါဘဲ တင်းကျပ်စွာကိုင်တွယ်ခြိမ်းခြောက်ခြင်းဖြင့် ဆန္ဒမဲကို ဓါးပြတိုက် အနိုင်ယူထားသော စစ်အစိုးရ၏ ၉၂.၄% ထောက်ခံမဲရကြောင်း ကြေငြာခြင်းသည် ကုလသမဂ္ဂက လာရောက်စစ်ဆေးလျှင် ကျနော်တို့ သံလွင်အရှေ့ခြမ်း မြို့နယ်အသီးသီးမှာ စစ်အစိုးရ၏ အဓမ္မမဲအနိုင်ယူမှုကို ကိုယ်တိုင်ထွက်ဆို တင်ပြဖို့ ကျနော်အဆင်သင့်ဖြစ်နေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့ကြီးကို ကျနော်ကိုယ်တိုင်တင်ပြခဲ့ရလို့ စစ်အစိုးရက ကျနော်တို့ကို ဖမ်းဆီးထောင်ချမယ်ဆိုရင်တောင်မှ ဝမ်းသာစွာ အဖမ်းခံပါမည်။

**၂။** ကျနော်တို့ ကျိုင်းတုံက သူနာပြုသင်တန်းကျောင်းမှာ သင်တန်းသူ သင်တန်းသားပေါင်း ရာချီရှိတယ်။ ကျောင်းအုပ်ကြီးက ကျောင်းသားတွေကို *“မင်းတို့ မဲပေးရင် မဲပြားပေါ်မှာ ကြက်ခြေခတ်မခြစ်ရဘူးနော်။ ကြက်ခြေခတ် ခြစ်တဲ့လူ ဒဏ်ငွေ ကျပ် ၃၀၀,၀၀၀ ပေးပြီး ကိုယ့်အိမ်ကိုယ်ပြန်ဖို့ အိပ်ရာလိပ် ပြင်ထားပေတော့”* လို့ အစည်းအဝေးခေါ် ပြောတယ်။

*“ဘာဖြစ်လို့ အဲလိုပြောတာလဲ”* လို့ ကျောင်းအုပ်ကြီးအိမ်ကိုသွားမေးတော့ *“အထက်အမိန့်ကြောင့် ပြောရတာပါ။ သူတို့ဥပဒေကို တကယ်တမ်း ဘယ်သူမှမကြိုက်ဘူး။ လုံးဝမတတ်သာလို့ ပြောရတယ်။ အမှန်မခြစ်ချင်ပေမဲ့ ခြစ်ရလိမ့်မယ်”* လို့ ရင်ဖွင့်ပြတယ်။

**၃။** ပြီးတော့ ဝန်ထမ်းတွေဘာဖြစ်လို့ ထောက်ခံမဲပေးရလဲ? သူတို့ပေးရမဲ့ မဲပြားရဲ့နောက်ကျောမှာ သူတို့နာမည်၊မှတ်ပုံတင်နံပါတ်၊ မိဘအမည် နေရပ်လိပ်စာ အပြည့်အစုံပါပြီးသား။ မယက ရယကဥက္ကဌတွေဆိုရင် *“ကန့်ကွက်မဲများတဲ့သက်ဆိုင်ရာ မယက ဥက္ကဌကို ရာထူးဖြုတ်ပြစ်မယ်။ ထောက်ခံမဲ ၉၅ ရာခိုင်နှုန်းရရင် မယက ဥက္ကဌကို ကျပ်သိန်း ၁၀၀ တန်မြေကွက် ဆုချမယ်။”*

*“ကန့်ကွက်မဲများတဲ့ ရပ်ကွက်ရဲ့ သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဌကိုထောင်ချမယ်။ ဒဏ်ငွေရိုက်မယ်။ ထောက်ခံမဲများရင် ကျပ်ငွေ ၂၀၀၀၀၀ ဆုချမယ်”* လို့အမိန့်ကျလာတယ်။

အခုမဲပေးပွဲလဲပြီးသွားတော့ ထောက်ခံမဲ ၉၂.၄ ရာခိုင်နှုန်းနဲ့ အနိုင်ရပြီလို့လဲ အဖြေထွက်လာပြီ။ မယက၊ ရယက တွေ ဆုရမလားလို့ စောင့်ကြည့်ကြရဦးမှာဘဲ။

**၄။** ကျိုင်းတုံသူနာပြုသင်တန်းကျောင်းနားက ဟွေ့ခမ်း လားဟူရွာဟာ တိုင်းစစ်ဌာနချုပ်နဲ့ နီးတယ်။ တစ်ရွာလုံး ထောက်ခံမဲထည့်ရမယ်လို့ အကြိမ်ကြိမ် အခါခါခေါ် ပြောတယ်။ တကယ်တမ်း မဲထည့်တော့ ကန့်ကွက်မဲက ၅ ပုံ ၄ ပုံရတယ်။ အကယ်၍ အာဏာပိုင်တွေ မကျေ နပ်လို့ အဲဒီရွာကိုအန္တရာယ်ပြုနှောင့်ယှက်လာမယ်ဆိုရင် ဆူပူအုံကြွလုပ်ရှားကြမယ်လို့ သံလွင်အရှေ့ပိုင်းလူထုတွေကြား စည်းရုံးမှုလုပ်ထားတယ်။

**၅။** နောက်ဆုံးပြောချင်တာက နအဖစစ်အစိုးရပြောတာကိုဘဲ မယုံပါနှင့်။ ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့များကိုယ်တိုင် ကျေးလက်ဒေသသို့ ကိုယ်တိုင် ကွင်းဆင်းလေ့လာပါရန် ဖိတ်ခေါ်အပ်ပါသည်။ ❑

**နိုင်ငံရေးသတင်း**

# ကန့်ကွက်မဲများ၍အာဏာပိုင်တို့ ဒေါပုန်ထ နမ့်ခမ်းမြို့ခြံခတ် ၂၄ နာရီ ကင်းစောင့်ခိုင်း

**သျှမ်းသံတော်ဆင့်**

မေ ၁၀ ရက် နအဖဆန္ဒခံယူပွဲ၌ သျှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် ကန့်ကွက်မဲများနေသဖြင့် ဒေသခံလူထုအား တစ်နေ့ ၃ ယောက် ၂၄ နာရီ အလှည့်ကျ ကင်းစောင့်ခိုင်းကြောင်း၊ ကင်းလှည့်ရဲများအားလည်း ပစ်သတ်ခွင့်ပေးထားကြောင်း နအဖအာဏာပိုင်တို့ ပြောသည်ဟု တရုတ်နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

နအဖ အမာခံဒေါက်တိုင် နမ့်ခမ်း မယကဥက္ကဋ္ဌ ဦးတင်လှိုင်ကိုယ်တိုင်ဦးစီး၍ တက်တက်ကြွကြွကြိုတင်စည်းရုံးဆင်းပြီး အပြင်းအထန်ဖိအားပေးထားသည့်ကြားက နမ့်ခမ်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု အသီးသီးရှိ မဲရုံပေါင်း ၂၄ ခု အနက် ၁၈ နေရာမှသိရှိရသော မေ ၁၀ရက် စုစုပေါင်း မဲရလာဒ်မှာ ထောက်ခံ ၈,၀၃၈၊ ကန့်ကွက် ၁၇,၆၁၇ ပယ် ၉၅၁ ရသည်ဟုဆို၏။

ထိုရလာဒ်ကို ဒေါသထွက်သဖြင့် မေ ၁၂–၁၃ နေ့ လားရှိုး ရမခ ဒု–စစ်တိုင်းမှူး ဗိုလ်မှူးကြီးလှမြင့်နှင့် ကွတ်ခိုင်ဗျူဟာမှူး ဗိုလ်မှူးကြီး စံရွှေတို့ နမ့်ခမ်းတက် စစ်ဆေးလေ့လာခဲ့၏။ မေ ၁၇ ရက်တွင် နမ့်ခမ်း ၁၆ ရပ်ကွက်မှရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများအား ဆင့်ခေါ်အစည်းအဝေးလုပ်ပြီးရပ်ကွက်/ရွာခြံဝင်းခတ်ရန်၊ ရွာသားများ တစ်ရက်လျှင် တစ်ရပ်ကွက် ၃ ယောက် ၂၄ နာရီ အလှည့်ကျကင်းစောင့်ခိုင်းရန်၊ ရဲ၊ မီးသတ်တပ်ဖွဲ့ဝင် ၉–၁၀ ယောက်ပါသည့်အဖွဲ့ ၄–၅ ဖွဲ့ ညတိုင်းကင်းလှည့်ခိုင်းပြီး ညအပြင်ထွက်သည့်ရွာသားများအား ရပ်ခိုင်းလျှင်ရပ်တန့်၍ အစစ်ဆေးခံရမည်ဖြစ်ကြောင်း၊မရပ်ပါက ပုလိပ်တပ်ဖွဲ့အဖို့ပစ်မိန့်အပြည့်ရှိကြောင်း ပြောသည်ဟုဆို၏။

နမ့်ခမ်းဒေသခံတစ်ဦးက "မုဆိုးမ တစ်ခုလပ်တွေ ပိုဆိုးတာ ပေါ့။ ကင်းစောင့်ဖို့လူငှားရင် တစ်ရက်ကို ၆,၀၀၀ ကျပ်ပေးရတယ်။ တဘက်ကလည်း ဝမ်းရေးအတွက်ရုန်းကန်ရတယ်လေ" ဟုပြောပြသည်။

ဤကဲ့သို့ လုံခြုံရေးတင်းကြပ်ရခြင်းမှာ မေ ၄ ရက်က ညောင်နှစ်ပင်ညီလာခံကိုယ်စားလှယ် နမ့်ခမ်းကြံ့ဖွံ့အတွင်းရေးမှူး ဖဲ့ရန်းရှစ်ပ်တည်းခိုးခန်းပိုင်ရှင် ဦးစိုင်းကျော်မြင့်– ထောက်ခံမဲထည့်ရန် ကျေးရွာများသို့ စည်းရုံးရေးဆင်းစဉ် အမည်မသိလက်နက်ကိုင်တစ်စု၏ ပစ်သတ်ခံရခြင်းနှင့် မေ ၁၀ ရက်က နမ့်ခမ်းမြို့နယ်ကန့်ကွက်မဲ များပြားသောကြောင့်ဖြစ်သည်ဟု နမ့်ခမ်းနအဖအာဏာပိုင် အသိုင်းအဝိုင်းနှင့်အကျွမ်းဝင်သူများက ပြောကြသည်။

ထိုမျှတင်းကျပ်နေလျှင် ညဘက် သေရေးရှင်ရေးအရေးပေါ်ပါက အခက်တွေ့ရဦးမည်ဖြစ်ကြောင်းဒေသခံများ ငြီးငြူနေကြသည်ဟု ဆိုပါသည်။ ❑

## မင်္ဂလာပါ ရှမ်းသံတော်ဆင့်သို့ ခင်ဗျား

Independence သတင်းစာစောင် လစဉ်အခမဲ့ ပို့ပေးလာတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။လွန်ခဲ့တဲ့အပတ်ပြသတဲ့ TVထဲမှာ မြန်မာပြည်မုန်တိုင်းတိုက်ခံရတဲ့သတင်း မြင်တွေ့ရပါတယ်။ ဘေးဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသားတွေအတွက် အရမ်းဘဲဝမ်းနည်းမိပါတယ်။ သေဆုံးသူနဲ့ပျောက်ဆုံးသူ စာရင်းဇယားလည်းတနေ့ထက်တနေ့ပိုများလာတယ်။ ပြည်ပနိုင်ငံတွေက ဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကို ဆေးဝါးစွည်းတွေ စားနပ်ရိက္ခာတွေ ငွေကြေးတွေ များစွာကူညီပို့ပေးနေတာ တွေ့ရတာ ဝမ်းသာစရာဘဲ။ ဒါပေမဲ့ ဒုက္ခရောက်နေတဲ့လူတွေ ရသင့်ရထိုက်သလောက် ထိရောက်စွာ လက်ခံရရှိခွင့်မရမှာကို အရမ်းစိုးရိမ်မိတယ်။ ကျနော်ထင်ထားတဲ့အတိုင်းဘဲ သတင်းထဲမှာ မြန်မာနိုင်ငံကဘေးဒုက္ခရောက်နေတဲ့သူတွေထံ ပြည်ပ အကူအညီ ၁၀ % လောက်ဘဲ ရောက်တယ်လို့ကြားသိရတယ်။ ဘေးဒုက္ခတွေ့နေတဲ့ မြန်မာနိုင်ငံသားတွေရဲ့ အသေအပျောက်စာရင်းကို နအဖက သောင်းဂဏန်းလောက်ဘဲ ဖော်ထုတ်ကြေငြာပေမဲ့ နိုင်ငံခြားသတင်းတွေအရ သေဆုံးသူဦးရေ သိန်းဂဏန်းလောက်ရှိတယ်လို့ ပြောတယ်။ အိုးမဲ့အိမ်မဲ့သူတွေလည်း ၂ သန်းကျော် လောက်ရှိတယ်လို့ကြားတယ်။

ဗမာစစ်သားက ပြည်သူလူထု ခြေလက်တွေကို ကြိုးနဲ့ချည်သေနတ်နဲ့ချိန်ထားပြီး အတင်းအဓမ္မ မဲထည့်ခိုင်းတဲ့ စာအုပ်အဖုံး သရုပ်ဖော်ပုံမြင်ရတာ တကယ့်အဖြစ်အပျက်ပါ။ တိုင်းရင်းသားလူမျိုးတွေ အားလုံးနေ့စဉ်တွေ့ ကြုံနေရတဲ့ လက်တွေ့ဘဝဘဲ လို့ပြောရင် မှားမယ်မထင်ပါဘူး။

**ကရင်လေး(၁၂/၅/၂၀၀၈)**

# မိုင်းယန်း၌ ရပ်ကွက်ဥက္ကဋ္ဌများ ထောက်ခံမဲခြစ်ပေး
# အထူး ၄ ထိန်းချုပ်နယ်မြေတွင် ကန့်ကွက်မဲများ

**သျှမ်းသံတော်ဆင့်**

မေ ၁၀ ဆန္ဒခံယူပွဲမတိုင်ခင် ၃ ရက်အလို သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် မယကဥက္ကဋ္ဌသည် ရပ်ကွက်ကျေးရွာအုပ်စုဥက္ကဋ္ဌများကိုအစည်းအဝေးခေါ် ၍ ဆန္ဒခံယူပွဲမဲထည့်သည့်နေ့တွင် ရပ်ကွက်သူ/ရွာသားများကိုယ်စား သက်ဆိုင်ရာဥက္ကဋ္ဌက ထောက်ခံ (အမှန်) မဲခြစ်ပေးရမည်၊ ကန့်ကွက်မဲတွေ့ရှိပါက ကြီးလေးသောပြစ်ဒဏ် ချခံရမည်ဟု အမိန့်ထုတ်ပြောဆို၏။

သို့သော် မိုင်းယန်းကျေးလက်နှင့် အပစ်ရပ်ထိန်းချုပ်နယ်မြေ၌ ဒေသခံလူထုများ ကန့်ကွက်မဲသာပေးကြသဖြင့် ထောက်ခံမဲအနည်းငယ်သာရကြောင်း၊ ထို့ကြောင့်အာဏာပိုင်များက ယာယီကတ်ပြားများ ပြန်ရုပ်သိမ်းရန်ရှိကြောင်း သျှမ်းပြည်အရှေ့ပိုင်းသတင်း ရပ်ကွက်က ဆိုပါသည်။

သက်ဆိုင်ရာ ရွာဆော်များက ရပ်ကွက်/ရွာတွင်းလှည့်လည်၍ "ယောက်တိုင်းထောက်ခံမဲ(အမှန်ခြစ်)ပေးရမယ်။ ကန့်ကွက်မဲ (အမှားခြစ်)ပေးတဲ့လူ ဒဏ်ငွေကျပ် ၁ သိန်းနဲ့ထောင်ဒဏ် ၃ နှစ်ကျခံရမယ်ဒါမှမဟုတ်ရင်လဲ ရပ်ကွက်ဥက္ကဋ္ဌ/သူကြီးအိမ်သွားလက်မှတ်သာထိုးပေး " ဟုဆိုသဖြင့် ရွာသားများလည်း အုပ်စုဥက္ကဋ္ဌ/ရပ်ကွက်လူကြီးအိမ်သွား မဲပြားပေါ် လက်မှတ်ထိုး/ လက်ဗွေရာသာနှိပ်ပေးလိုက်သည်ဟု နယ်စပ်ရောက် မိုင်းယန်းဒေသခံတစ်ဦးကပြောပြ၏။

*"ရပ်ကွက်လူကြီးတွေလည်း ရွာသားတွေလက်မှတ်ထိုးထားတဲ့ မဲပြားပေါ် အမှန်ခြစ် ထောက်ခံမဲတွေလုပ်ပေးပြီး မေ ၁၀ ရက်ရောက်တော့ မဲပုံးထဲသွားထည့်ပေးလိုက်တယ်။ မဲရုံကို (အမှန်ခြစ်) မဲသွားပေးတဲ့လူတွေက အစိုးရဝန်ထမ်းတွေချည်းဘဲ။ ရွာသား တစ်ချို့တွေပြောတယ်။ ကိုယ်တိုင်မဲသွားထဲ့ရင်တော့ ထောက်ခံမဲတစ်ပြားမှ ရမှာမဟုတ်ဘူး–တဲ့။ နအဖစစ်သားတောင်မှ* **"ခင်ဗျားတို့ ကန့်ကွက်မဲထည့်ကြ။ ဘာမှမကြောက်နဲ့၊ ကျနော်တို့လဲ ကန့်ကွက်မဲဘဲထည့်မှာဘဲ။ ကိုယ်ဘာထည့်မှန်း ဘယ်သူမှသိမှာမဟုတ်ဘူး"** *လို့တောင်ပြောတယ်"* ဟု မိုင်းယန်းမှ ကုန်သည်တစ်ဦးကလည်းပြောပြသည်။

ထိုသို့မြို့တွင်း၌ ထောက်ခံမဲပေးကြသော်လည်း **NDAA** အပစ်ရပ် မိုင်းလားအဖွဲ့ထိန်းချုပ်နယ်မြေတွင်မူ မေ ၁၀ ရက်၌ နအဖစစ်အစိုးရ၏ အခြေခံဥပဒေအား ကန့်ကွက်မဲပေးမှု အဆမတန်များနေသဖြင့် ဆန္ဒခံယူပွဲမတိုင်ခင်က ထုတ်ပေးသော ယာယီလက်မှတ် ပြန်ရုပ်သိမ်းမည်ဟု စစ်အာဏာပိုင်များပြောကြောင်း ဒေသခံတစ်ဦးကပြောသည်။

**NDAA** အပစ်ရပ် မိုင်းလားအဖွဲ့ အထူးဒေသ ၄ ( တပ်မဟာ ၃၆၉ ဌာနချုပ် ဆီလူး) ထိန်းချုပ်နယ်မြေ၌ ထောက်ခံမဲထက် ကန့်ကွက်မဲ အဆ မတန်များနေသည်ဟုဆိုခြင်းမှာ –




| | | ထောက်ခံမဲ | ကန့်ကွက်မဲ | မဲမထည့်သူ |
|---|---|---|---|---|
| (၁) | မိုင်းယန်းမြို့တွင်း | ၆၀ ٪ | ၃၀٪ | ၁၀٪ |
| (၂) | မိုင်းယန်း ကျေးလက် | ၅ ٪ | ၉၀٪ | ၅٪ |
| (၃) | NDAA အထူးဒေသ ၄ | ၁၀٪ | ၉၀٪ | – |

**NDAA** အပစ်ရပ်မိုင်းလားအဖွဲ့ ထိန်းချုပ်နယ်မြေတွင် မဲပေးသူအားလုံးမှာ ဒေသခံလူထုသာဖြစ်ပြီး အပစ်ရပ်တပ်ဖွဲ့မှတပ်သားများ တစ်ယောက်မှမပါဟု ဆိုပါသည်။

မိုင်းယန်းမှ ကြံ့/ဖွံ့အဖွဲ့ဝင်တစ်ဦး၏အဆိုအရ" **NDAA** မိုင်းလားအဖွဲ့ထိန်းချုပ်နယ်မြေမှာ ကန့်ကွက်မဲတအားများနေတော့ သူတို့ကိုထုတ်ပေးတဲ့ ယာယီလက်မှတ်(အဖြူရောင်ကတ်)တွေ ပြန်ရုပ်သိမ်းရမဲ့အခြေအနေရှိတယ်" ဟုပြောကြောင်း ကြံ့/ဖွံ့အဖွဲ့နှင့် ရင်းနှီးကျွမ်းဝင်သူ ဒေသခံတစ်ဦးကပြော၏။

မတ်ချိလ ၂ ရက်က **UWSA** ထိန်းချုပ်နယ်မြေ မိုင်းပေါက်နှင့် **NDAA** ထိန်းချုပ်နယ်မြေ အပစ်ရပ်မိုင်းလားအဖွဲ့ အထူး ဒေသ ၄ (တပ်မဟာ ၃၆၉ ဌာနချုပ် ဆီလူး)သို့ လူထုဆန္ဒခံယူပွဲ မဲထည့်ခွင့်ရရေး ယာယီလက်မှတ်လုပ်ပေးရန်သွားသော နအဖအာဏာပိုင်များအား ဒေသခံ အပစ်ရပ်အဖွဲ့က ထိန်းသိမ်းထားရာ ဧပြီလကုန်မှ ပြန်လွှတ်ပေးခဲ့သည်။ နအဖတို့လုပ်ပေးမည့် ယာယီလက်မှတ်(အဖြူရောင်ကတ်ပြား) မလိုချင် နိုင်ငံသားစိစစ်ရေးကတ်ပြား (ပန်းရောင်သာ) လုပ်ပေးရန် ဒေသခံလူထုနှင့် အပစ်ရပ်ဝအာဏာပိုင်များက နအဖအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်း၍ မရရာမှ ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ကြားသိရသည်။ ❑

သဘာဝရေဘေးလေဘေး

# နာဂစ် ဒုက္ခသည်ကူညီရေး– သျှမ်းပြည်မှ ကျွဲနွားအကောင်ရေ ၅၀၀ ဆင့်ဆို

သျှမ်းသံတော်ဆင့်

ရောဝတီ မြစ်ဝကျွန်းပေါ် ဒေသ နာဂစ် မုန်တိုင်းဘေးသင့်သူ များအား အကူအညီပေးရန်အတွက် နေပြည်တော် စစ်တိုင်းချုပ်က ရပခ (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)တိုင်းမှူးထံ ကျွဲနွားအကောင် ၅၀၀ ဆင့်ဆို သည်ဟု သျှမ်းပြည်တောင်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

မေလ ၂၂ ရက် နေပြည်တော်စစ်တိုင်းချုပ်၏ ခိုင်းစေဆင့်ဆိုချက်အရ ရပခတိုင်းမှူးသည် ကျွဲနွားဝယ်ရန် သျှမ်းပြည်အနှံ့ သက်ဆိုင်ရာမြို့နယ်အခြေစိုက် စစ်ဗျူဟာတစ်ခု ကျပ်ငွေ ၁ သန်း ဆင့်ဆိုသည်ဟု ဆို၏။

“သတင်းဘဲကြားရသေးတယ်။ ၂၄ ရက်နေ့အထိတော့ ကျေးရွာဆင်း ပိုက်ဆံလိုက်ကောက်တာ မရှိသေးဘူး။ ကျေးလက်ရွာသားတွေတော့ စိုးရိမ်ပူပန်နေကြပြီ။ သူတို့ကောက်သွားသလောက် ဒုက္ခသည်တွေလက်ထဲမရောက်မှာစိုးလို့တဲ့ ” ဟု သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့ခံတစ်ဦးက ပြောပြသည်။

မုန်တိုင်းဒုက္ခသည်များကူညီရန် မဟာကြာဦးဆောင်သော ဟိုမိန်းနယ်စပ်ဒေသကာကွယ်ရေးတပ်ဖွဲ့ (ယခင်ဟိုမိန်းဒေသဖွံ့ဖြိုးရေးတပ်ဖွဲ့)၏ အက်စ်သုံးလုံးကုမ္ပဏီကလည်း ရပခတိုင်းမှူးထံကျပ်ငွေ ၂သန်း ပေးရသည်ဟု အက်စ်သုံးလုံးကုမ္ပဏီ အလုပ်သမား တစ်ယောက်က ပြောပြသည်။

“သျှမ်းပြည်အလယ်ပိုင်း လဲချား– ကျေးသီး– မိုင်းနောင် ဒေသဘက် လှုပ်ရှားနေတဲ့ နအဖတပ်ဖွဲ့တွေလဲ မြို့နဲ့ဝေးတဲ့ ကျေးလက်ဒေသခံတွေဆီက ကျွဲနွားဆင့်ဆိုကောက်ယူနေတယ်။ တောတောင်ထဲပိုင်ရှင်မပါဘဲစားကျက်လွှတ်ထားတဲ့ ကျွဲ/နွားတွေတွေ့ရင်လည်းဆွဲခေါ် သွားတာဘဲ။ အခုတလော ကျွဲပျောက် နွားပျောက်တဲ့အကြောင်းတွေ နေ့တိုင်းလိုလို ကြားနေရတယ်” ဟု လဲချား ဒေသခံတစ်ဦးကပြောပြသည်။

ယနေ့ ကျွဲနွားရောင်းဝယ်ဈေးမှာ အသားစားနွားတစ်ကောင် ကျပ် ၂၀၀,၀၀၀ ခန့်၊ လယ်ထွန်/လှည်းဆွဲကျွဲတစ်ကောင် ဈေးနှုန်း ကျပ် ၄၀၀,၀၀၀ ဝန်းကျင်ရှိသည်ဟု သျှမ်းပြည်တောင်ပိုင်း မိုင်းတုံ – ပုံပါကျင်နှင့် နယ်စပ်ရောက် မိုင်းကိုင်ဒေသခံများထံမှသိရသည်။

၎င်း ကျွဲနွားဆင့်ဆိုကောက်ယူမှုသတင်းကို အခြားတိုင်းစစ်ဌာနတို့တွင် မကြားရသေးသော်လည်း မြန်မာတစ်ပြည်လုံးအနှံ့စစ်တိုင်း ၁၂ တိုင်းစလုံး ဆင့်ဆိုဖွယ်ရှိသည်ဟု ရပခစစ်တပ်အသိုင်းအဝိုင်းနှင့် နီးစပ်သူများကပြောကြသည်။

ယခုလ ၉ ရက်နှင့် ၁၀ ရက် မိုင်းဆတ်မြို့ အရှေ့ဘက် မိုင်းဆတ် – တာချီလိတ်ကြား (ကျေးရွာ ၁၀ ရွာရှိ) မိုင်းတွမ်းကျေးရွာအုပ်စုတွင် ဆန္ဒမဲပေးရန် မဲရုံသို့သွားကြသည့် ရွာသားတိုင်းထံမှ နာဂစ်မုန်တိုင်း ဒုက္ခသည်များအတွက် မထည့်မနေရစနစ်ဖြင့် အလှူငွေ တစ်ယောက်ကျပ် ၁,၀၀၀ ကောက်ယူခဲ့ခြင်းမျိုးလည်းရှိသည်။မေလ ၇ ရက် ၈ ရက်နေ့ကလည်း သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ်မြို့၌ တစ်အိမ်ဘတ် ၁၀၀ နာဂစ်မုန်တိုင်းဒုက္ခသည်များကူညီရန် ကောက်ခံရာ ဒေသခံလူထုက စေတနာသဒ္ဓါထက်သန်စွာလှူဒါန်းခဲ့ကြသော်လည်း ဒုက္ခသည်များထံ မရောက်ဘဲ ထိုအလှူငွေများကို စစ်တပ်အရာရှိကြီးများ၏ ဇနီးများက သုံးစွဲလိုက်သည်ဟု စစ်တပ်အသိုင်းအဝိုင်းနှင့်နီးစပ်သော တာချီလိတ်မြို့ခံတစ်ဦးက ပြောပြသည်။

ထိုမျှမက နာဂစ်ဆိုင်ကလုန်းဒဏ်ကြောင့် ရောဝတီတိုင်းနှင့် ရန်ကုန်တိုင်းမှလူ ၁၃၃,၀၀၀ ကျော်၊ ကျွဲ ၁၃၆,၈၀၄ ကောင်၊ ကြက် ၁,၂၅၀,၁၉၄ ကောင်သေဆုံးကြောင်းကြေငြာသော နအဖစစ်အစိုးရသည် ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့ထံ ဒေါ်လာသန်းပေါင်း ၁၀,၀၀၀ ( ဘတ်ငွေ သန်း ၃၁၉,၀၀၀) လိုအပ်သည်ဟု မေလ ၂၅ ရက်က တောင်းဆိုခဲ့သည်။

❑ ❑ ❑

“ရှမ်းပြည်၏ ကံကြမ္မာသည် ဆိုးပြီးရင်းဆိုးလာပြီး တန်းတူညီမျှမှု နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံချက်ပေးထားသည့် ပင်လုံသဘောတူညီချက်များနှင့် ဝေးသည်ထက် ဝေးကွာလာသည်။

နအဖ၏ ဖွဲ့စည်းပုံအခြေခံမူကြမ်းအရ ရှမ်းပြည်တစ်ခုလုံး သည် နိုင်ငံရေးအရ အဆင့်အတန်းနိမ့်ကျသွားရုံသာမက နေရာတကာ စစ်တပ်၏ လက်ဝါးကြီးအုပ်ခြင်းကို ခံရမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် စစ်တပ်က ၂၅ ％ အပိုင်စီးထားပြီး သမ္မတမှစ၍ အဆင့်မြင့်ရာထူးများအားလုံးယူထားကာ တပ်မတော်သည် တမိုးလုံးဖျောက်ဆိပ် ဖြစ်လာ မည်ဖြစ်ကြောင်း နအဖ၏ အခြေခံဥပဒေကို ဝေဖန်ထောက်ပြထားသည်။

ထို့ပြင် ရှမ်းပြည်အတွင်းရှိ ဝ၊ ပအိုဝ့်၊ ပလောင်၊ ကိုးကန့်၊ ဓနု စသော လူမျိုးစုများကို အခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသများအဖြစ် ခွဲခြားသတ်မှတ်ပေးထားသော်လည်း ယင်းဒေသ များတွင် စစ်တပ်ကိုယ်စားလှယ်ပါလာကြဦးမည်ဖြစ်သဖြင့် အထပ်ထပ် စဉ်းစားဝေဖန်၍ မိမိတို့၏ ကံကြမ္မာသည် ကျန်ရှမ်းပြည်သားများနှင့် အတူ တထပ်တည်းဖြစ်သည်။”

ဝါရင့်ရှမ်းနိုင်ငံရေးသမားကြီး – ဦးရွှေအုန်း

# ကျိုင်းတုံ၌ မုန်တိုင်းဒုက္ခသည်များအတွက်အလှူခံ – ဒုက္ခသည်များလက်ထဲ မရောက်မည်ကို ဒေသခံများစိုးရိမ်

သျှမ်းသံတော်ဆင့်

**ကျိုင်းတုံ** အခြေစိုက် နအဖစစ်အာဏာပိုင်များနှင့် ကြံ့ဖွံ့အဖွဲ့ဝင်များသည် မြို့မဈေးအလည်၌ ဆိုင်ခန်းဆောက်ကာ နားဂစ်မုန်တိုင်း ဒုက္ခသည်များအတွက် အကူအညီပေးကြရန် လော်စပီကာဖြင့် ဆော်သြ အလှူခံကြောင်း၊ ကျောင်းထိုင်ဆရာတော် ပါမကျန် အလှူခံထွက်ရန် ခိုင်းစေကြောင်း တာချီလိတ်၌ စီးပွါးရေးလုပ်နေသူ ကျိုင်းတုံဒေသခံတစ်ဦး ကပြောပြသည်။

အောက်မြန်မာနိုင်ငံ ရောဝတီမြစ်ဝကျွန်းပေါ် ဒေသအား မေလ ၃ ရက်က နားဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် မေ ၈ မှ ၁၀ ရက် အထိ ကျိုင်းတုံမြို့မဈေးအလယ်၌ ကဲင်းဗက်စ် မိုးကာကို အမိုးလုပ် ဆိုင်ဆောက်ကာနားဂစ်မုန်တိုင်းဒုက္ခသည်များကူညီရေးအတွက်ငွေကြေး၊ အဝတ်အထည်စားသောက်ကုန်ပစ္စည်းများပေးလှူကြရန်ဆော်သြ အလှူခံဖို့ ကျိုင်းတုံကြံ့ဖွံ့အသင်းဝင်များအား တြိဂံစစ်တိုင်းမှူးက အမိန့်ချ ညွှန်ကြားသည်ဟု ဆို၏။

"လေဘေးအကူအညီပစ္စည်းတွေလေယာဉ်ပျံ ၂ စီးစာလောက် ရတယ်။ ငွေ ၁ သန်း ၂ သိန်းရတယ်။ တာချီလိတ် နဂါးနှစ်ကောင်ကျောင်း တိုက် ဆရာတော်ကိုတောင်မချန်ဘူး။ အခြားမြို့သွား အလှူခံခိုင်းတယ်။ ကျပ်သန်း ၂၀ ရလာတယ်။ နောက် ကုန်းဆာကျောင်းဆရာတော်ကို အလှူခံ ခိုင်းတယ်။ ၂၇ သန်းရတယ်။ သိရသလောက်အားလုံးစုစုပေါင်း ငွေကျပ် သန်းပေါင်း ၄၈ သန်းကျော်ရတယ်" ဟု အဆိုပါကျိုင်းတုံ ဒေသခံက ပြောပြသည်။

ပစ္စည်းငွေကြေး စေတနာထက်သန်စွာ ကျိုင်းတုံဒေသခံများ လှူဒါန်းကြသော်လည်း "ဒုက္ခသည်တွေလက်ထဲ ငွေဘယ်နှစ်ရာခိုင်နှုန်း ဘဲရောက်မလဲတော့မသိဘူး။ ဒါပေမဲ့လှူရမယ့်တာဝန်က ကျနော်တို့တာဝန်၊ ပေးရမယ့်တာဝန်က သူတို့တာဝန်၊ ပြည်သူတွေ စေတနာသဒ္ဓါနဲ့ လှူတဲ့အလှူကို သူတို့ကဒုက္ခသည်တွေလက်ထဲမပေးဘဲ ကြားဖြတ်စား လိုက်ရင်လဲ နောင်ဘဝပြည်သူတွေကို အကြွေးပြန်ဆပ်ရလိမ့်မယ်" ဟု ဒုက္ခသည်များလက်ထဲ အကူအညီပစ္စည်းမရောက်မည်ကို စိုးရိမ်ကြောင့်ကြနေသူများလည်းရှိ၏။

မေလ ၂ ရက်ည ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း နအဖစစ်အစိုးရသည် ရန်ကုန်တိုင်း၊ ရောဝတီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် လေဘေးဒုက္ခသည် ၂ သန်းကျော်အတွက် အရှေ့တောင် အာရှအာဆီယံနိုင်ငံတစ်ချို့ထံမှ အကူအညီအပြည့်အဝ ရယူသော်လည်း၊ စစ်အစိုးရမီးစိမ်းပြပါက ၂၄ နာရီအတွင်း မြန်မာပိုင်ကမ်းခြေအ ရောက်လာနိုင်သည့် ကူညီရေးပစ္စည်းအပြည့်အစုံပါ အမေရိကန်သင်္ဘော ထံမှ အကူအညီကိုမူ လက်မခံငြင်းဆန်ခဲ့သည်။ ထို့ပြင်နိုင်ငံတကာမှ ကူညီလှူဒါန်းသော ငွေကြေး၊ ပစ္စည်းများ ၁၀ %ခန့်သာ ဒုက္ခသည်များ လက်ထဲရောက်သည်ဟူ၍လည်း လွတ်လပ်သောသတင်းမီဒီယာ ဝက်ဘ်ဆိုက်များ၌ ဖော်ပြထားသည်။ ❑



**စီးပွါးရေး**

# တောင်ကြီးမှအခြားမြို့နယ်သို့ ဆန်တင်ပို့မှု ရပခတိုင်းရုံးပိတ်ပင်

**သျှမ်းသံတော်ဆင့်**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံ၏ စပါးကျီရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ပျက်စီးဆုံးရှုံးမှုအကျိုး ဆက်အဖြစ် အနာဂတ် ဆန်စပါးရှားပါး၊ ငတ်ပြတ်မည့်အရေး နအဖစစ်ဗိုလ်ချုပ်ကြီးများတွေးကြောက်ကာ ယခုလဆန်းပိုင်းတွင် တောင်ကြီးအခြေစိုက်ရပခတိုင်းရုံးက တောင်ကြီးမှထွက်သည့် ဆန်များ အခြားမြို့နယ်သို့ တင်ပို့ရောင်းချခွင့် ပိတ်ပင်ကြောင်း၊ ဖမ်းဆီးတွေ့ရှိပါက ဆန်တစ်အိတ်အတွက် ထောင်ဒဏ်တစ်နှစ်ကျခံရမည်ဖြစ်ကြောင်း အမိန့်ထုတ်ခဲ့သည်ဟု သျှမ်းပြည်တောင်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

"အရင်က တောင်ကြီးကနေတင်ပို့တဲ့ဆန်တွေကို ဆန်အထွက်နည်းတဲ့ နမ့်ဇန်၊ ကွန်ဟိန်း၊ လင်းခေးအထိ တင်ပို့ရောင်းချကြတယ်။ လွတ်လွတ်လပ်လပ်ဘဲ။ နာဂစ်မုန်တိုင်းနောက်ပိုင်း နအဖစစ် ဗိုလ်ချုပ်တွေ သူတို့စစ်တပ်စားဖို့ဆန်မရှိမှာစိုးလို့ ဟိုမရောင်းရ ဒီမရောင်းရ အမိန့်တွေအမျိုးမျိုးထုတ်နေတာ။ တောင်ကြီးဂိတ်ကို မကျော်ရဘူး။ ခိုးထုတ်လို့တွေ့မိရင် ဆန်တစ်အိတ် ထောင်တစ်လချခံရမယ်တဲ့" ဟု တောင်ကြီးဒေသခံတစ်ဦးက ပြောပြသည်။

အဆိုပါ ဆန်တင်ပို့ရောင်းချမှုပိတ်ပင်ခြင်းအမိန့်ကို ဇွန် ၁ ရက် ရပခတိုင်းရုံးကထုတ်ပြန်ခဲ့ရာ မကြားသိလိုက်သူ ဆန်ကုန်သည် အချို့ ဇွန်လ ၂ ရက်၌ ဆန်အိတ် ၂၀၀ တင်ဆောင်ပြီး တောင်ကြီးဂိတ်ဖြတ်သန်းစဉ် အာဏာပိုင်များ အရေးယူသိမ်းဆည်းပြီး ဆန်ပိုင်ရှင်များမှ ဆွေးနွေးညှိနှိုင်း တိုးလျှိုးတောင်းပန်နေရသည်ဟု ဆိုပါသည်။

ထိုသို့တောင်ကြီးမှအခြားမြို့နယ်သို့ ဆန်တင်ပို့ရောင်းချမှုပိတ်ရခြင်းမှာ သျှမ်းပြည်တပ်မတော် SSA အား နအဖစစ်တပ်ကမကြာမီထိုးစစ်ဆင်တော့မည်ဖြစ်သဖြင့် သူပုန်များ ဆန်ရလမ်းလွယ်မည်စိုးရိမ်ခြင်းလည်းဖြစ်နိုင်သည်ဟု တောင်ကြီး ဂိတ်စောင့်အာဏာပိုင်များကြား သတင်းထွက်နေ၏။ သို့သော် နာဂစ်မလာခင်ကတည်းက တရိပ်ရိပ်တက်နေသောဆန်ဈေးကြောင့်လည်းကောင်း၊ နာဂစ်မုန်တိုင်းကြောင့် မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်မြေများထဲဆားငန်ရေဝင်ကုန်သဖြင့် လာမည့်နှစ် စပါးမစိုက်နိုင်သည်အထိ ဆန်ရှားပါးမည့်အရေး တွေးမိ၍လည်းကောင်း၊ ဆန်တင်ပို့မှု တားမြစ်လိုခြင်းလည်းဖြစ်နိုင်ကြောင်း ဆန်ကုန်သည်များအသိုင်းအဝိုင်းက သုံးသပ်ကြသည်။ ❑

# နအဖ အတည်ပြုလိုက်တဲ့ဖွဲ့စည်းပုံ အတိုက်အခံများလက်မခံ

## အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း

"ကျနော်တို့က အရင်ကတည်းက ပြောထားပြီးသား အတိုင်း ပြန်ပြောရမှာဘဲ။ အတည်ပြုတယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူ့လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်တွေမပါဘူး။ မပါဘဲနဲ့ ရေးဆွဲ ထားတာ။ နောက်ဆုံးပါတာလဲ ၁ %ဘဲ။ အဲဒါကြောင့် အဲဒီထဲက ကျနော်တို့က ဒီအခြေခံဥပဒေကို လက်မခံပါဘူး။ အခု အတည်ပြု လိုက်တယ် ဆိုတာကလည်း မေလ ၁၀ ရက်နဲ့ ၂၄ ရက်နေ့မှာလုပ်တဲ့ ဆန္ဒခံယူပွဲ။ အဲဒီဆန္ဒခံယူပွဲမှာလည်း ပြည်သူ့ဆန္ဒ အမှန်တကယ်မပါဘူး။ ဥပဒေနဲ့ အညီ ပြဋ္ဌာန်းပြီးတော့ အဲဒီပြဋ္ဌာန်းတဲ့ ဥပဒေအားလုံးကို ဖောက်ဖျက်ပြီး ဆောင်ရွက်ထားတာ။ တနည်းအားဖြင့်ပြောရရင် ပြည်သူ့ဆန္ဒကို အတင်းအဓမ္မရယူထားတဲ့အတွက် တရားဝင်မှုမရှိဘူးလို့ ပြောချင်ပါ တယ်။"

## စီအာရ်ပီပီအတွင်းရေးမှူး ဦးအေးသာအောင်

"နအဖ အနေနဲ့ တဖက်သတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်တယ်။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရေးဆွဲထားတာလည်းမရှိဘူး။ နောက်တခါ ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုဖို့ကြိုးစားတဲ့လုပ်ရပ်အပေါ်မှာရော ကျနော့်အနေနဲ့ ဒါကိုလက်မခံသလို ဒါဟာတရားဝင်မှု လည်းမရှိဘူးလို့ပြောချင်ပါတယ်။ "

## ENC တွဲဖက်အတွင်းရေးမှူး စောဒေးဗစ်ထော

"ကျနော်တို့အနေနဲ့ ဒီဟာတော့လက်မခံနိုင်ပါဘူး။ ဘာဖြစ် လို့လည်းဆိုတော့ အခြေခံဥပဒေကို အတည်ပြုရေးကိစ္စနဲ့ပတ်သက်ပြီး တော့ လုပ်ဆောင်နေတဲ့အချိန်ကာလမှာ လူတော်တော်များများက မဲ ပေးဖို့အတွက် စိတ်မဝင်စားတဲ့အချိန်လို့ကျနော်တို့ပြောလို့ရသလို တ ဖက်ကလည်း ဒီမဲပေးတာနဲ့ ပတ်သက်ပြီးတော့ ခြိမ်းခြောက်မှုတွေရှိနေ တဲ့ဟာကို အားလုံးကသိရှိနေရတဲ့အတွက်ကြောင့် ဒီ ၉၂ % ကျော်မဲ ဆိုတာကတော့ မဖြစ်နိုင်ဘူးလို့ဘဲ ကျနော်တို့ တိုင်းရင်းသားလူမျိုးများ ကောင်စီက ပြောချင်တယ်။

# သျှမ်း/တောင် ကျောက်မီးသွေးတွင်း စိန်နှင့် ယူရေနီယံထွက်ဟု သတင်းထွက်

သျှမ်းသံတော်ဆင့်

နအဖစစ်အစိုးရ၏ သျှမ်းပြည်အနှံ့ သတ္တုတူးဖော်ရေးလုပ်ငန်း ကျေးသီးမြို့နယ်ကျောက်မီးသွေးတွင်းမှ ယူရေနီယံနှင့် အရည်အသွေးမြင့် စိန်ထွက်သည်ဟု သတင်းများထွက်ပေါ်နေကြောင်း၊ လွန်ခဲ့သည့် ဧပြီလကလည်း နအဖထိပ်သီး ဒုဗိုလ်ချုပ်မှူးကြီးမောင်အေး သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သျှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်ကဆိုပါသည်။

၂၀၀၈ နှစ်ဦးပိုင်းက စတင်ခဲ့သော ကျေးသီးမြို့နယ် မိုင်းကောဝ်အုပ်စု မိုက်ဟုန်းလိန်ကျေးရွာအနီး ကျေးသီး– နောင်ဆွမ်း– မိုင်းနောင် –မိုင်းနန်း ကားလမ်းဘေး၊ ကျေးသီးမြို့ အရှေ့တောင်ဘက် ၇ မိုင်ခန့် အကွာ၌ရှိ နအဖထိန်းချုပ်သော ကျောက်မီးသွေးတွင်းသစ်မှ စိန်နှင့် ယူရေနီယံ ပါထွက်သဖြင့် ဧပြီလကုန်က နအဖထိပ်သီး ဗိုလ်ချုပ်မှူးကြီး မောင်အေးကိုယ်တိုင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်ဟု ဒေသခံ အလုပ်သမားအသိုင်းအဝိုင်းက ဆိုပါသည်။

"အဲဒီသတင်းထွက်ပြီးနောက်ပိုင်း စစ်တပ်တွေ လုံခြုံရေးတိုးချဲ့ချထားတယ်။ ကျေးသီးအခြေစိုက်ခလရ ၁၃၁ က အပြင်လုံခြုံရေးယူထားတယ်။ အတွင်းပိုင်းကျတော့ ခလရ ၉ တပ်ရင်းက လုံခြုံရေးတပ်ချထားတယ်။ မြေအောက်ပေ ၃၀၀–၄၀၀ လောက်မှာယူရေနီယံနဲ့ စိန်လဲရှိတယ်တဲ့။ ကျောက်မီးသွေးတန်ပေါင်း သန်း ၃၀ လောက်ထွက်မယ်လို့ သူတို့ခန့်မှန်းကြတယ်။ မြေနေရာအကျယ်အဝန်း ၉,၀၀၀ စတုရန်းဧကရှိမယ်လို့ သတင်းထွက်နေတော့ တကယ်တမ်း စီမံကိန်းချလာခဲ့ရင် အဲဒီပတ်လည်က အနဲဆုံး ၆–၇ ရွာရဲ့လယ် ယာမြေတွေ ပါသွားမယ်" ဟု ကျေးသီးဒေသခံတစ်ဦးကပြောပြသည်။

ယခု တူးဖော်ဖယ်ထုတ်နေသည်မှာ အပေါ်ယံအလွှာသာဖြစ်ပြီး တစ်ရက်လျှင် မြေသယ်ကား (အဝါရောင်ကား) ၁၄ စီးက သယ်ကာ တူးသည့်နေရာမှ ၁ မိုင်ခွဲပတ်လည်၌ သွားသွန်နေလျှက်ရှိကြောင်း၊ မြေချေးများ များပြားလာသဖြင့် သွန်သည့်နေရာမရှိသလောက် ဖြစ်နေပြီဖြစ်ကြောင်း အဆိုပါကျေးသီးဒေသခံက ပြောသည်။

နယ်စပ်ရောက်နောင်ဆွမ်းဒေသခံတစ်ဦးကလည်း "တောင်ကနေ မြောက်ကိုစီးတဲ့ နမ့်ဟဲန်ချောင်းကိုပါဖို့ပစ်မယ်လို့ ကြားတယ်။ နမ့်ဟဲန်ချောင်းဖို့ပစ်ရင်တော့ ချောင်းတစ်လျှောက်က ကျနော်တို့ နောင်ဆွမ်းအုပ်စု၊ မိုင်းကောဝ်အုပ်စု၊ ဝမ့်ဖိုင်မုန့်ကနေ ကျေးသီးမြို့တောင်ဘက် ရွာတွေပါ အကုန်လုံး ဒုက္ခရောက်ကုန်မယ်။ လယ်မြေဧကေ အနဲဆုံး ၃၀၀ လောက်ဆုံးရှုံးမယ်" ဟု ဆိုပါသည်။

ပြီးခဲ့သည့် ၂–၃ လကလည်း ကျေးသီးမြို့တွင်း တချို့နေရာများတွင် ဗမာစာနှင့်အင်္ဂလိပ်စာဖြင့်ရေးထားသော လက်ကမ်းစာစောင်များတွေ့ရပြီး "ဒေသခံလယ်သမားများ၏ အသက်သွေးကြောဖြစ်သော နမ့်ဟဲန်ချောင်းကိုဖို့မပစ်ရန် အနူးအညွတ်တောင်းပန်သည်" ဟု ရေးသားထားကြောင်း၊ ထိုနောက်ပိုင်း ထိုင်းလူမျိုး အင်ဂျင်နီယာတစ်ယောက် အလုပ်မှနုတ်ထွက်ကာ ထိုင်းနိုင်ငံသို့ပြန်သွားကြောင်း၊ အဆိုပါ လက်ကမ်းစာစောင်များသည် အဲန်ဂျီအိုအဖွဲ့အစည်းများနှင့် ဒေသခံ ပညာတတ်မျိုးချစ်များ၏ လက်ချက်ဖြစ်နိုင်ကြောင်း ဒေသခံရွာသားများကြား သုံးသပ်ချက်များထွက်ပေါ်နေသည်ဟု ဆိုပါသည်။

အဆိုပါကျောက်မီးသွေးတွင်းမှထွက်သော စိန်သည် မြန်မာနိုင်ငံ၌ အရည်အသွေးအကောင်းဆုံး၊ ကမ္ဘာ့ ဒုတိယအကောင်းဆုံးစိန် ဖြစ်နိုင်ကြောင်း၊ ထို့အတွက်ကြောင့် ဗိုလ်ချုပ်ကြီးမောင်အေး ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှု ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းကုမ္ပဏီမှလည်း အစုရှယ်ယာဝင်ထားသည်ဟု ကြားသိရကြောင်း၊ ကျေးသီးမြို့ဈေး၌ ထိုင်း/ကိုးရီးယား/ဂျပန်ကဲ့သို့သောမျက်နှာစိမ်းများ တခါတရံ တွေ့နေရကြောင်း၊ မည်သည့်လူမျိုးဖြစ်သည်ကိုမူ မသိရကြောင်း ကျေးသီးမြို့ခံတစ်ဦးကပြောပါသည်။

ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းနှင့် အဆက်အသွယ်ရှိသူ မြို့ခံတစ်ဦးကလည်း "အခု စစ်တပ်က လမ်းတွေဖောက်နေတယ်။လမ်းဖောက်ဖို့ ဒေသခံရွာသားတွေ အခမဲ့လုပ်အားပေး ချောဆွဲခံနေရတယ်။ တူးတဲ့နေရာကနေ ပန်ဖုန်း–လဲချားအထိ ကားလမ်းချဲ့တယ်။ ဟိုပုန်းအထိ ရောက်မယ်လို့ကြားတယ်။ ချူးကလီးယားစက်ရုံရှိတဲ့ ပေါင်းလောင်းရေ အား လျှပ်စစ်ရေကာတာနားအထိ လမ်းဖောက်မယ်လို့ စစ်သားမိသား စုအသိုင်းအဝိုင်းက သတင်းတွေထွက်နေတယ်။ နောက်တလမ်းက မိတ္ထီလာ သံရည်ကျိုစက်ရုံအထိဖောက်မယ်လို့ ကြားတယ်။ လမ်းပေါက် ရင် တစ်ရက်ကိုအနဲဆုံးကား အစီးရေ ၁၅၀ ကျောက်မီးသွေးသယ်နိုင်ဖို့ စီမံကိန်းချထားတယ်လို့ အင်ဂျင်နီယာတွေနဲ့ ခင်တဲ့လူတွေကပြောတယ်" ဟုဆို၏။

ကျေးသီးမြို့၌ ယခုတူးဖော်နေသော ကျောက်မီးသွေးတွင်းကို လွန်ခဲ့သည့် ၃ နှစ်ခန့်က ရုရှားနိုင်ငံ အင်ဂျင်နီယာများ လာရောက် စမ်းသပ်ရာမှ သိရခြင်းဖြစ်သည်ဟု ဆိုပါသည်။ ❑



## လူ့အခွင့်အရေး

# လက်နက်မဲ့ရွာသားများကို ရှင်းပစ်ရန် မိုလ်ချုပ်သန်းရွှေ ညွှန်ကြားခဲ့

ဝါရှင်တန်မှာ နအဖသံရုံး ဒုတိယအကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီးတဲ့နောက် အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံရေးခိုလှုံခဲ့တဲ့ ဗိုလ်မှူးအောင်လင်းထွဋ်က ၁၉၉၈ ခုနှစ်တုန်းက ယခုလက်ရှိနအဖအကြီးအကဲဖြစ်နေတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ မြန်မာနိုင်ငံရဲ့အရှေ့တောင်ပိုင်း လူသူအရောက်နည်းတဲ့ကျွန်းတကျွန်းမှာ လက်နက်မဲ့ ရွာသူရွာသားတွေနဲ့ ထိုင်းငါးဖမ်းသင်္ဘောသား စုစုပေါင်း ၈၁ ဦးကိုသတ်ဖြတ်ဖို့ အမိန့်ပေးခဲ့တယ်လို့ ပြောဆိုကြောင်းသိရပါတယ်။

အရပ်သားတွေ သတ်ဖြတ်မှုဖြစ်ခဲ့ပြီးတဲ့ နောက် ၃–၄ ရက်အကြာ ထိုင်းငါးဖမ်းသင်္ဘောသားတွေသတ်ဖြတ်တာ ထပ်မံဖြစ်ပွားခဲ့တယ်လို့ အောင်လင်းထွဋ်က ဗွီအိုအေကိုပြောခဲ့ ပါတယ်။

အောင်လင်းထွဋ်ဟာ ၁၉၈၈ မေလတုန်းက ဇာဒက်ကြီးရေတပ်စခန်းမှာတာဝန်ကျခဲ့ကြောင်း၊စခန်းမှူးကအခုလျှပ်စစ်ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းဖြစ်ကြောင်း၊ စခန်းမှူးဦးဆောင်တဲ့ စစ်ကြောင်းတခုဟာ ခရစ်စတီးကျွန်းကိုရောက်သွားတော့ အဲဒီမှာ လူ ၅၉ ဦး သစ်ဝါးခုတ် နေထိုင်တာကိုတွေ့ခဲ့တာနဲ့ မြန်မာပြည်ဥပဒေ ချိုးဖေါက်ရာရောက်ကြောင်း ဌာနချုပ်ကို ဆက်သွယ်အမိန့်တောင်းခံလိုက်တဲ့အခါ ရှင်းပစ် လိုက်ဆိုတဲ့ အမိန့်ရခဲ့ကြောင်း၊ ဒါကြောင့် သတ်ပစ်ခဲ့ကြောင်း ပြောပြပါတယ်။

ထို့အပြင် ၁၉၉၆–၉၇ အညိုရောင်နယ်မြေ လို့သတ်မှတ်ထားတဲ့ ဒေသတွေဖြစ်တဲ့သျှမ်းပြည်၊ ကယား၊ ကရင်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းမှာနေထိုင်တဲ့ရွာတွေကိုစုခိုင်းတဲ့အခါမှာ တောင်ယာလုပ်သားတွေက မပြောင်းရွှေ့ချင်တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းပြစ်ဖို့ပြောကြောင်း၊ အစိတ်သားတောင်မချန်နဲ့လို့ ပြောကြောင်း၊ ဆိုလိုတာကဗိုက်ထဲက ကလေးတောင် အရှင်မထားနဲ့လို့ဆိုလိုကြောင်း ပြောပါတယ်။

သံအရာရှိဟောင်းက ယူဂိုစလားဗီးယား၊ ရဝမ်ဒါမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအပေါ် နိုင်ငံတကာရာဇဝတ်တရားရုံး တင်စစ်ဆေးနိုင်ခဲ့တာမျိုးတွေရှိတဲ့အတွက် မြန်မာနိုင်ငံကိစ္စလည်း အလားတူဖြစ်လာနိုင်တယ်လို့ ယုံကြည်ကြောင်းပြောဆိုပါတယ်။

**ဗွီအိုဘီ၊ ဇွန်လ ၆ ရက်**

# ထောက်ခံမဲ (သို့) မဲ့တောရေးလက်မှတ်

မောင်နိုးသာအောင် ၂၀၀၈ မေလထုတ် မဇ္ဈိမဂျာနယ်မှ

မြန်မာ့သမိုင်း သင်ဖူးတဲ့ လူတွေအားလုံး အသိပါဘဲ။ ၁၉၃၀ ဆရာစံရဲ့ တောင်သူလယ်သမားအရေးတော်ပုံဆိုတာ စီးပွါးရေးကျပ်တည်းမှုကနေ ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်ခဲ့တဲ့ နိုင်ငံရေးတိုက်ပွဲပါ။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာ လူထုအုံကြွမှုဟာလည်း စီးပွါးရေးအတွက်တိုက်ပွဲဝင်ခဲ့တဲ့ တိုက်ပွဲခေါ် သံတစ်ခုပါ။ အစိုးရအနေနဲ့ အသံတွေတိတ်သွားအောင် ရက်ရက်စက်စက်နှိပ်ကွပ်ခဲ့တာကလွဲရင် ဘာမှလိုက်လျောမှုတွေ မရှိခဲ့ပါဘူး၊ စီးပွါးရေးကျပ်တည်းမှုပြဿနာဟာ အရင်အတိုင်းပါဘဲ။

ဒီနေရာမှာ ကျနော်တို့နားလည်ရမှာက ကျနော်တို့နေထိုင်တဲ့ခေတ်ဟာ စီးပွါးရေးကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ အမှီသဟဲပြု နေထိုင်ကြတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း(Globalization) လို့ခေါ် ခေတ်မျိုးဆိုတာ အားလုံး အသိပါဘဲ။ ဘယ်အစိုးရဘဲတက်လာတက်လာ၊ ဘယ်သူဘဲ အုပ်ချုပ်အုပ်ချုပ်နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ပြီး စီးပွါးရေးမလုပ်နိုင်ရင် စီးပွါးရေးဟာ ဘယ်တော့မှနလံထူနိုင်မှာမဟုတ်ပါဘူး။ ၁၉၈၈ မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ကျဆုံးသွားရတာဟာ တံခါးပိတ်စီးပွါးရေးဝါဒကျင့်သုံးခဲ့လို့ စီးပွါးရေးချွတ်ခြုံကျလို့ ကျဆုံးသွားရတာဖြစ်ပါတယ်။ အခုစစ်အစိုးရလက်ထက်မှာ တံခါးဖွင့်စီးပွါးရေးကျင့်သုံးပေမဲ့ စီပွါးရေးလုပ်ဖို့ခိုင်မာတဲ့အာမခံချက်ပေးတဲ့ ဥပဒေမရှိလို့၊ လူ့အခွင့်အရေးတွေဖောက်ဖျက်လို့ ဘယ်သူမှ မယ်မယ်ရရလာပြီး ရင်းနှီးမြှုပ်နှံမှုတွေ မရှိကြပါဘူး။

စီးပွါးရေးကောင်းဖို့ဆိုတာ နိုင်ငံတကာနဲ့အံဝင်အောင်နေဖို့လိုပါတယ်။ အာဏာကို ခါးမိုးပြီးထိန်းထားလို့ရပေမဲ့ စီးပွါးရေးဆိုတာ ခါးထောက်ပြီး လိုသလိုခိုင်းလို့မရနိုင်ပါဘူး။ စီးပွါးရေး ကျဆင်းခြင်းနဲ့အတူ အရောင်းအဝယ်တွေ အ လာမယ်။ အလုပ်လက်မဲ့တွေ ပိုများလာမယ်။ မိသားစုဝင်ငွေကျဆင်းလာမယ်။ ကျောင်းမထားနိုင်တဲ့ကလေးအရေအတွက်များလာမယ်။ ကလေးအလုပ်သမားတွေ ပိုများလာမယ်။ လူကြီးရော ကလေးပါ အဟာရချို့တဲ့မှုတွေဖြစ်လာပြီး ကလေးတွေဟာဉာဏ်ရည်မမီခြင်းလို ဆိုးဝါးတဲ့ကျန်းမာရေးပြဿနာတွေ ပိုများလာတယ်။ ဘာမှအဆင်အပြေတော့ စိတ်ဖိစီးမှုနဲ့ စိတ်ကျရောဂါတွေ ပိုများလာမယ်။ စာရိတ္တပျက်ပြားမှုဟာ အဆိုးဆုံးအနေအထားကို ရောက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြားမှာကျောင်းထားဖို့ ကြိုးစားတဲ့သူတွေတဖက်က ပိုများလာသလို လမ်းပေါ် မှာ တောင်းရမ်းစားသောက်ရသူတွေ ပိုများလာမှာအမှန်ပါဘဲ။ ဒါတွေကို မြို့နေလူထုတစ်ရပ်လုံးနဲ့ လယ်သမား ယာသမားတွေအားလုံးပါ ခံစားကြရမှာဖြစ်ပါတယ်။ အစိုးရကို ထောက်ခံအားပေးနေကြတဲ့ ကြံ့ခိုင် ဖွံ့ဖြိုးရေးအသင်းဝင်တွေကော လွတ်မှာတဲ့လား။ သူတို့လဲ အလားတူ ခံစားကြရမှာပါ။

**နိုင်ငံရေးကို သေနတ်အားကိုးနဲ့ အကျပ်ကိုင်လို့ရပေမဲ့ စီးပွါးရေးကိုတော့ သေနတ်နဲ့ပစ်ချလို့မရပါဘူး။**

# ထောင်ဒဏ် နှစ် ၂၀ တန်စာတမ်း ပြန်လည်တွေ့ရှိ

## သျှမ်းသံတော်ဆင့်

သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး စိုင်းညွန့်လွင်အဖမ်းမခံရမီ တာဝန်ယူ ကူညီရိုက်နှိပ်ပေးသော စာမျက်နှာ ၈ မျက်နှာရှိ UNA စည်းလုံးညီညွတ်သော တိုင်းရင်းသား မဟာမိတ်အဖွဲ့မှ ရေးဆွဲခဲ့သော အနာဂတ်ပြည်ထောင်စု နိုင်ငံတော်ဖွဲ့စည်းပုံစာတမ်း ဇွန်လ ၁၁ ရက်က ပြန်လည်တွေ့ရှိကြောင်း ရန်ကုန်မှ လာသော သတင်းများက ဆိုပါသည်။

UNA အစည်းအဝေးတရပ်မှရေးဆွဲခဲ့သော အဆိုပါအနာဂတ် ပြည်ထောင်စုနိုင်ငံတော်ဖွဲ့စည်းပုံစာတမ်းကို SNLD အထွေထွေ အတွင်းရေးမှူး စိုင်းညွန့်လွင်က တာဝန်ယူစာစီရိုက်ပေးပြီး ( ၂၀၀၅ ဖေဖော်ဝါရီလ ၈–၉ ရက် ခွန်ထွန်းဦးအပါအဝင် သျှမ်းခေါင်းဆောင် ၃၀ နီးပါး အဖမ်းမခံရမီ ၂ ရက်အလို ) UNA အဖွဲ့ဝင် ပုဂ္ဂိုလ်တယောက်အား စာတမ်းမိတ္တူထုတ်ပေးလိုက်သည်။ နောက်တစ်နေ့တွင် စိုင်းညွန့်လွင်တို့အား ဖမ်းဆီးစဉ် ကွန်ပြူတာပါ အသိမ်းခံလိုက်ရပြီး ဤစာတမ်းအတွက် ထောင်ဒဏ် အနှစ် ၂၀ အပါအဝင် အခြားစွဲချက်များစွာဖြင့် စုစုပေါင်း (အင်းစိန်ထောင် တွင်းတရားရုံး၌) ထောင်ဒဏ် ၈၅ နှစ်ချမှတ်၏။ ပြီးနောက် စစ်ကိုင်းတိုင်း ကလေးထောင်သို့ ပို့ဆောင်ချုပ်နှောင်ထားခြင်း ခံခဲ့ရသည်။

UNA အဖွဲ့ဝင်ပုဂ္ဂိုလ်မှာ အနာဂတ်ပြည်ထောင်စု နိုင်ငံတော်ဖွဲ့စည်းပုံစာတမ်း အသိမ်းလွန်သွားရာ ဇွန်လ ၁၁ ရက်နေ့ကျမှ ပြန်လည်တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။

၂၀၀၅ ဖေဖော်ဝါရီလက အဖမ်းခံရသော သျှမ်းခေါင်းဆောင် ၉ ဦးမှာ–

- ❑ ဗိုလ်ချုပ်ဆေထဲန် ထောင်ဒဏ် ၁၀၆ နှစ် ခန္တီးထောင် (အပစ်ရပ် သျှမ်းပြည်မြောက်ပိုင်း SSA ဥက္ကဋ္ဌ)
- ❑ ခွန်ထွန်းဦး ထောင်ဒဏ် ၉၃ နှစ် ပူတာအိုထောင် (၁၉၉၀ ရွေးကောက်ပွဲ၌ သျှမ်းပြည်အတွင်း ပထမ၊တနိုင်ငံလုံး၌ ဒုတိယ မဲအများဆုံး အနိုင်ရပါတီ SNLD ဥက္ကဋ္ဌ)
- ❑ စိုင်းညွန့်လွင် ထောင်ဒဏ် ၈၅ နှစ် ကလေးထောင် ( SNLD အတွင်းရေးမှူး)
- ❑ စိုင်းလှအောင် ထောင်ဒဏ် ၇၉ နှစ် ကျောက်ဖြူထောင် ( SNLD ဗဟိုအလုပ်အမှုဆောင်)
- ❑ ဆရာသချ်ာမြင့်သန်း ထောင်ဒဏ် ၇၉နှစ် သံတွဲထောင် (မျိုးဆက်သစ်သျှမ်းပြည် ခေါင်းဆောင် ( ၂၀၀၆ မေလ က ထောင်တွင်း၌ကွယ်လွန်))
- ❑ ဦးထွန်းညို ထောင်ဒဏ် ၇၉ နှစ် ဘူးသီးတောင်ထောင်
- ❑ ဦးညီညီမိုး ထောင်ဒဏ် ၇၉ နှစ် ပခုက္ကူထောင်
- ❑ စိုင်းမျိုးဝင်းထွန်း ထောင်ဒဏ် ၇၉ နှစ် မြင်းခြံထောင်
- ❑ စဝ်သာဦး ထောင်ဒဏ် ၁၂ နှစ် (ပြန်လွတ်မြောက်ပြီး)

UNA စည်းလုံးညီညွတ်သောတိုင်းရင်းသားမဟာမိတ်အဖွဲ့ကို ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရတိုင်းရင်းသားခေါင်းဆောင်များ စုစည်းပူးပေါင်း၍ ၂၀၀၂ ဇူလိုင်လ ၃၁ ရက်တွင်စတင်ဖွဲ့စည်းခဲ့သည်။ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံစာတမ်းတွင် "*စစ်အာဏာရှင် အစိုးရအုပ်စိုးနေသမျှကာလပတ်လုံး နအဖတို့ နေ့စဉ်နေ့တိုင်း အော်ဟစ်နေသော* **ခေတ်မီ၍ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ဖို့လမ်းမရှိ**" ဟု အလေးထား ဖော်ပြထားသည်။

၁၉၆၁ ဇွန်လ သျှမ်းပြည်မြို့တော် တောင်ကြီး၌တိုင်းရင်းသားခေါင်းဆောင်များက ပြည်နယ်ပေါင်းစုံ ညီလာခံကြီးခေါ်ယူကျင်းပပြီး ၁၉၄၇ အခြေခံဥပဒေကို မျှတတန်းတူလွတ်လပ်သောပြည်ထောင်စုစစ်စစ်အဖြစ် ပြင်ဆင်ဖြည့်စွက်ရန် တောင်းဆိုထားသော ဖက်ဒရယ်သျှမ်းမူပါ –

- ❑ ဖက်ဒရယ် ပြည်ထောင်စုတွင် တိုင်းရင်းသားများပြည်နယ်နှင့် အမျိုးသားပြည်နယ်များအဖြစ် ဖွဲ့စည်းပေးရေး
- ❑ အထက်နှင့် အောက်တရားစီရင်ရေးလွှတ်တော်ကို တန်းတူညီမျှသော အာဏာပေးရေး
- ❑ အထက်လွှတ်တော်တွင် ပြည်နယ်ကိုယ်စားလှယ် သာတူညီမျှထားရှိရေး
- ❑ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင်သီးသန့်ဥပဒေပြုအာဏာနှင့် ကိုယ်ပိုင်သီးသန့်တရားစီရင်ခွင့်အာဏာ ဖန်တီးပေးရေး

စသည့် အချက်အလက်များအပေါ် အခြေခံ၍ အဝေးရောက်ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရက ဖက်ဒရယ်ဖွဲ့စည်းပုံ မူကြမ်းတစ်စောင်ရေးဆွဲပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီသို့ ၁၉၉၆ မတ်လ ကတင်ပြခဲ့ဖူးသည်။ ထိုအချိန်ကတည်းက အတိုက်အခံအဖွဲ့အစည်းများက ဖက်ဒရယ်ပြည်ထောင်စုအခြေခံ ဥပဒေမူကြမ်းတစ်စောင်ရေးဆွဲနှင့်ပြီးဖြစ်သည်။

❑ ❑ ❑

ဆောင်းပါး

# ထိုင်းမီဒီယာတွင် ထင်ဟပ်ပြသော ဗမာပြည်ပုံရိပ်များ

The Nation (02/05/2008)

၂၀၀၈ မေလအတွင်း ဗမာပြည်တွင်ပေါ်ပေါက်ခဲ့သည့် စက်ဆုပ်နာကျည်းဖွယ်လံကြုပ်ဆန္ဒခံယူပွဲနှင့် ကြောက်မက် ခြောက်ခြားဖွယ် နာဂစ် ဆိုင်ကလုန်းမုန်တိုင်း သမိုင်းဝင် ကမ္ဘာကျော်ဖြစ်ရပ်ကြီး ၂ ခု အပေါ်လွတ် လပ်သော ထိုင်းပုဂ္ဂလိက သတင်းမီဒီယာများ ထင်ဟတ်ပြခဲ့၏။ အဆိုပါ သတင်းဓါတ်ပုံနှင့် နိုင်ငံရေးကာတွန်းတချို့ကို ခေတ်၏ကြေးမုံပြင်အဖြစ် ပြန်လည်ဖေါ် ပြလိုက်ပါသည်။



(၁) ဘန်ကောက်ဆူခါဖိုဗန်းလမ်းရှိ ဝန်ကြီးချုပ်ဆမတ် ဆွန်ထရာဝိတ် နေအိမ်၌ နအဖဝန်ကြီးချုပ်သိန်းစိန်အား ဧပြီ ၂၉ ရက် ညစာ တည်ခင်းကျွေးမွေးရန် ဆမတ်ကိုယ်တိုင် ချက်ပြုတ်ညှော်ခဲ့၏။ ၁၀/၀၅/၂၀၀၈ ဆန္ဒခံယူပွဲ တဖက်သတ်နိုင်ငံရေး ကွက်ကျော်အမြတ်ထုတ်ရေးအတွက် အိမ်နီးချင်း အာဗီယံနိုင်ငံများ၏ ထောက်ခံအသိအမှတ်ပြုမှုကိုဦးစွာရယူရန် ဗိုလ်သိန်းစိန်၏ အဦးဆုံး သေဖော်ညှိ လောကခရီးစဉ်ဖြစ်၏။ မိမိရပ်တည်ရေး လုံခြုံရေးအာဏာတည်မြဲရေးအတွက် ပြည်ပ စီးပွါးရေး အကျိုးအမြတ်နှင့်လှဲလှယ်သည့် အပေးအယူလုပ်သည့် မဟာဗျူဟာကို နအဖတို့ ပါးနပ်စွာကျင့်သုံးခဲ့သည့် ပြယုဂ်တစ်ခုဖြစ်သည်။ အလယ်လူမှာ ထိုင်းခေါင်းဆောင်များ၏ အမြဲတမ်း ထိုင်း–မြန်မာ စကားပြန် ဗိုလ်မှူးကြီး ထနန်းဆတ် ခနောင်းနိတ် (စိုင်းငြိမ်း) ဖြစ်၏။ ထိုင်းပြည်ပေါက် မဲဆောက်ဇာတိ သျှမ်းလူမျိုးဖြစ်သည်။

(၂) ဗမာပြည်တွင် ပကတိပုံမှန်အနေအထားထက် ဘာထူးခြားမှုားယွင်းမှုမှမရှိကြောင်း ဆမတ်တွေ့မြင်ရ။

- ဖါးတပိုင်း ငါးတပိုင်းဒီမိုကရေစီလေ၊ အာဏာရှင်အုပ်စိုးမှုမဟုတ်ပါဘူး။
- မျက်နှာဖြူ အနောက်တိုင်းသားနဲ့ အိမ်ထောင်ကျခဲ့တဲ့ ဒေါ်စုကို ဗမာပြည်နိုင်ငံရေးမှာ ပါဝင်ခွင့်အပေးတာကလွဲပြီး ဘာထူးခြားမှားယွင်းမှုမှ မရှိတာကျနော်တွေ့ရတယ်။




- ထိုင်းနိုင်ငံမှာလဲပဲ အဲဒီလိုရာဇဝတ်မှုမျိုးဆိုရင် သူမအိမ်တလုံးတောင် ပိုင်ဆိုင်ခွင့်မရှိပါဘူး။
- နိုင်ငံခြားသားအပေါ် ရွံရှာမုန်းတီးမှုက အမှားလား?
- အာဏာရှင်အုပ်စိုးမှုက အမှားလား?



(၃) ဆိုင်ကလုန်းလေပြင်းမုန်တိုင်းကြောင့် ရန်ကုန်မြို့ လမ်းမပေါ် လဲကျသည့် သစ်ပင်ကြီးအကြားမှ ဖြတ်သွားနေရသူ သံဃာတစ်ပါး။




(၄) မေ ၁၀ ရက် ဆန္ဒခံယူပွဲမှာ ထောက်ခံမဲ သွားထည့်ကြဖို့ မမေ့ကြနဲ့။



(၅ က) မုန်တိုင်းတိုက်ခတ်၍ သေကြေပျက်စီးပြီး နောက်တစ် ပတ်ခန့် ကြာတော့မှ ရန်ကုန်ဆင်ခြေဖုံးဒေသများသို့ ကွင်းဆင်း ကြည့်ရှုသော ဝန်ကြီးချုပ် ဗိုလ်သိန်းစိန်



(၅ ခ) ဝေါ်ပြတ်မွတ်သိပ်မှု ကုစားရန် စားသောက်ဖွယ်ရာများ အလုအယက်တောင်းရမ်းနေကြသော နာဂစ်မုန်တိုင်းဒဏ်ခံ ကလေးငယ်များ။




(၆) အခြေခံဥပဒေသစ်အတည်ပြုဖို့ မဲပေးခွင့်ရှိသူတိုင်း လူစုံ တက်စုံဆန္ဒမဲ သွားပေးကြပါ။




(၇) ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကျုပ်တို့ လုပ်နေပါတယ်။ (နအဖ) ကူပါ–ကယ်ပါ




(၈) ဘုရင့် အလှူဒါန– ရေတပ်ဗိုလ်ချုပ်ကြီး ချလစ်ဖုတ်ဖာဆုတ် ကနာဂစ်မုန်တိုင်းဒုက္ခသည်များအား သွားရောက်ထောက်ပံ့ရန် ထိုင်းဘုရင်မင်းမြတ်မှ ကူညီလှူဒါန်းသော အသက်ကယ် အိတ်များဖြင့် ဗမာလေတပ်ဦးစီးချုပ် ဒု–ဗိုလ်ချုပ်ကြီးမြတ်ဟိန်း ထံ ၁၁/၅/၂၀၀၈ နေ့၌ ရန်ကုန်လေဆိပ်တွင် ပေးအပ်နေစဉ်။




(၉) AID = အထောက်အပံ့




(၁၀) **ပစ္စည်းလာ–– လူပြန်သွား။** စစ်တပ်နယ်မြေ အပြင်လူ မဝင်ရ




(၁၁) **အကူအညီလိုနေတယ်မဟုတ်လား၊ ကျုပ်ကိုဝင်ခွင့်ပေးလိုက်ပါ။**
––လှည့်စားမှုလော?တကယ့်ကူညီမှုလော?




(၁၂) အာဏာတည်တံ့ခိုင်မြဲရေးသည်သာ ပဓါန အကျဆုံး
ဗမာပြည်မှာ ပြည်သူတွေသေတာ အကြောင်းမဟုတ်ဘူး။
စစ်ဗိုလ်ချုပ်တွေ ကျားကုတ်ကျားခဲ အာဏာတည်မြဲဖို့က
အရေးတကြီး ဂရုစိုက်ရမဲ့ ကိစ္စဖြစ်တယ်။



(၁၃) မုန်တိုင်းတိမ်တိုက်များ ဖုံးလွှမ်းနေသော ကွမ်းခြံကုန်းမြို့နယ်
မြင်ကွင်းတစ်ခု ။
ကူညီကယ်ဆယ်မှုများ နှောင့်နှေးနည်းပါးမှုကြောင့် ကလေးများ
မိသားစုဝင်များအတွက် ဝမ်းပျက် ဝမ်းလျှောနှင့် အခြား
ရောဂါဘယ ထူပြောမှုဆီ ဦးတည်တိုးပွါးစေသည်။



(၁၄) **ကွဲပြားခြားနားမှုအပေါ်မှ ဆင်တူရိုးမှားမှု**
*ရောဝတီမြစ်ဝကျွန်းပေါ်နှင့် ဆီချွမ်းပြည်နယ်တို့မှ*
*သဘာဝဘေးဒဏ် ပျက်စီးဆုံးရှုံးမှု*
ဗိုလ်သန်းရွှေအဖို့ ဖွဲ့စည်းပုံအတည်ပြုရေး ဆန္ဒခံယူပွဲကိုသာ စိတ်စွဲ အလေးထားပုပင်။
တရုပ်ဝန်ကြီးချုပ် ဝန်းကြားပေါင်ကမူ နောက်ဆက်တွဲ လျော်လုပ်ရားမှုများကို ဂရုမစိုက်နိုင်ဘဲ လျော်ဘေးသင့်ဒုက္ခသည် များရှိ ရာသို့ အလျင်စလိုအချိန်မီ သွားရောက်နှစ်သိမ့်အားပေးခဲ့၏။



(၁၅) ကယ်ဆယ်ရေးအဆင့်ပြီးသွားပြီ။ ပြန်လည်ထူထောင်ရေး
အဆင့်ကို ဆက်လက်ဆောင်ရွက်နေပါတယ်။



(၁၆) နအဖ ထိပ်သီးကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အခွေအရံများက ရန်ကုန်မြို့ပြင်ရှိ နားဂစ် ဆိုင်ကလုန်းမုန်တိုင်း ဒုက္ခသည်(ဟန်ပြ) ယာယီရွက်ဖျင်တဲများဆီသို့ သွားရောက်ပြီး သောက် ရေပုံး ကြည့်ရှုနေပုံ ဖြစ်၏။

ဆီချွမ်းလျှင်ဘေးသင့် ဒုက္ခသည်များရှိရာသို့ တရုပ်ခေါင်းဆောင်ကြီးများ ချက်ချင်းသွားရောက် နှစ်သိမ့်အားပေးပြီး တပြည်လုံး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်တဝက် အလံလွှင့်ထူကြတော့မှ အတုယူသည့်အနေနှင့်မုန်တိုင်းတိုက်ပြီး ၂ ပတ်ကျော်ကြာ မေ ၁၈ ရက်ကျမှ ဗိုလ်သန်းရွှေ ကြွချီတော်မူခြင်းဖြစ်သည်။




(၁၇) **မေတ္တာဆိုတာဘာလဲ**
*ခင်ဗျားတို့ကို ကူညီဖို့ လာပြီ–ဒေါ်စုကိုလွှတ်ပေးပါ။*
ယူအက်စ်အေမှ ဗမာပြည်သူများအတွက် မေတ္တာလက်ဆောင်။

# ခမ္ဘီးထောင်ရှိ အပစ်ရပ်မြောက်ပိုင်း SSA ဥက္ကဋ္ဌ မျက်စိမှုန်ဝါး ကုသခွင့်မရ

၂၀၀၅ ဖေဖော်ဝါရီတောင်ကြီး၌သျှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းခြင်းအစည်းအဝေးအပြီး ပြည်ထောင်စုပြိုကွဲစေရန်ကြံစည်မှုအပြင် အခြားစွဲချက်ပေါင်းများစွာဖြင့် သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ ချုပ်ခေါင်းဆောင် စဝ်ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်တို့နှင့်အတူ အဖမ်းခံခဲ့ရသော နှစ်ရှည်ထောင်ဒဏ် ၁၀၆ နှစ် ချမှတ်ခံရသူ မြောက်ပိုင်း SSA အပစ်ရပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထဲန့်သည် မမြင်နိုင်တော့သည့် အခြေအနေနီးပါး မျက်စိမှုန်ဝါးနေပြီဖြစ်ကြောင်း ထောင်ဝင်စာသွားတွေ့ရာမှ ပြန်လာသော မိသားစုဝင်များကပြောသည်ဟု SNLD ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ပြောပါသည်။

"မေ ၂၂ ရက်ကဗိုလ်ချုပ်ဆေထဲန့်မိသားစုဝင်တွေ ခမ္ဘီးထောင်သွားတယ်။ မေ ၃၁ မှာပြန်ရောက်တယ်။ မျက်စိ မှုန်လွန်းအားကြီးနေပြီတဲ့။ နားဂစ်မလာခင်က မျက်စိခွဲစိပ်ကုသခွင့်ရဖို့ ထောင်ပိုင်ဆီစာတင်ထားတယ်။ အဲဒီထောင်ပိုင်က သူ့မှာဆုံးဖြတ်ခွင့်မရှိဘူးတဲ့။ အထက်ကိုစာတင်ပေးမယ်ဆိုပြီး အခု အဲဒီထောင်ပိုင်က ပြောင်းသွားပြီ။ အင်းစိန်အကျဉ်းဦးစီးဌာနက ထောင်ပိုင်အသစ်ရောက်လာတယ်။ ထပ်မေးကြည့်တော့ အခုချိန်အထိ ဘာမှအဖြေမပေးသေးဘူး။ ရောက်လာတဲ့ ထောင်ပိုင်အသစ်က တော်တော်ဆိုးတယ်၊ မိုက်ရိုင်းတယ်ဆိုဘဲ။ မိသားစုကသွားပေးထားတဲ့ စိပ်ပုတီးတွေ ဘုရားဆင်းထုတော်တွေ၊ ဗိုလ်ချုပ်ဆေထဲန့်ကြည်ညိုတဲ့ ဆရာတော်ပုံတွေကို ယူထားတယ်–တဲ့။ နောက်မှ သူတို့အတွက်အသုံးမဝင်လို့ပြန်ပေးတာတဲ့"ဟု ဦးစိုင်းလိတ်က ပြန်လည်ပြောပြသည်။

မူလက ကျဉ်းကြပ်နေသည့် အခန်းသို့ အကျဉ်းသားအသစ် ထပ်မံတိုးထည့်မှုကြောင့် နေထိုင်စားသောက်ရ ပိုမိုခက်ခဲလာခြင်းကြောင့်တစ်ကြောင်း၊ ပြောင်းလာသော ထောင်ပိုင်အသစ်က နေ့ညမရွေး မကြာခဏ အကျဉ်းသားများအား ခေါ်ယူစစ်ဆေးနေသဖြင့် အိပ်ရေးပျက်ရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းကြောင့်တစ်ကြောင်း ဆီးချို သွေးတိုးတက်ကာကျန်းမာရေးအထူး ထိခိုက်သည်ဟု ဦးစိုင်းလိတ်က ဆက်ပြောပါသည်။

"ဗိုလ်ချုပ်ဆေထဲန့်ကို ထားတဲ့အခန်းက ၈ ပေ ၁၂ ပေအခန်းလေ။ အရင်က အကျဉ်းသား ၄ ယောက်ဘဲထားတယ်။ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ ထောက်လှမ်းရေးအဖွဲ့ဝင် အကျဉ်းသားအသစ် ၃–၄ ယောက်ထပ်ဖြည့်တော့ အခုအဲဒီအခန်း မှာ လူ ၇–၈ ယောက်ဖြစ်သွားတယ်။ နေထိုင်စားသောက်မှု၊ အပေ့ါအပါးသွားမှု အဆင်မပြေတာတွေဖြစ်လာ တာလဲပါမှာပေ့ါ။ အဲဒါကြောင့် မျက်စိပိုပိုမှုန်လာတယ်"

"ထောင်မကျခင် ၂၀၀၁ တုံးက ခေတ်မီစက်ကြီးတွေနဲ့ နောက်ဆုံး မျက်လုံးစမ်းသပ်ကုသခဲ့တာ အခုချိန်အထိဘဲ။ သူ့မိသားစုကို ပါဝါ

**စာမျက်နှာ (၄၀) သို့**

# အတိတ် နိမိတ်မကောင်းတဲ့ နအဖ မဲဆန္ဒပေးပွဲ

ပင်လုံစာချုပ်မြေမှ ယွက်ခေး

ကျနော့အဖိုးဟာ ရှေးခေတ်ဆန်တဲ့လူလို့ ပြောရင်မှားမယ် မထင်ဘူး။ ထူးခြားတဲ့ အတိတ်နိမိတ်မြင်တိုင်း တွက်ချက်ပြီး ဘာဖြစ်မယ် ညာဖြစ်မယ်ဆိုတာ သူများကိုပြန်ပြောပြလေ့ရှိတယ်။

လေပြင်းလေကြမ်းကြီးကြီးမားမားတိုက်ခတ်တိုင်း ကျနော်တို့ အိမ်သူအိမ်သားနဲ့ အိမ်နီးနားချင်းတွေကို ဒီလိုသတိပေးစကားမှာကြား တတ်တယ်။

“မိုးလေ အခြေအနေကြည့်ရတာ မကောင်းဘူး။ စစ်ရေးစစ်ပွဲ များဖြစ်မလားမသိဘူး။ မင်းတို့ အလုပ်သွားလုပ်ရင်သတိထားကြ။ မြန်မြန်ပြန်လာ။ မိုးမချုပ်စေနဲ့။”

ပြီးတော့အဖိုးဟာ စစ်ပွဲတိုက်ပွဲ ဖြစ်လာရင်ကျနော်တို့ တစ်အိမ်သားလုံး ပုံးအောင်းမီခိုနေဖို့ တူးထားတဲ့ကျင်းမှာ မြွေကင်းမရှိအောင် မြေကျင်းအဝကို ကောက်ရိုးမီးရှို့ထားပါတယ်။

## ဘယ်နိုင်ငံမဆို တန်းတူရေးဥပဒေ တရားနည်းလမ်းနဲ့ယှဉ်တဲ့ ဥပဒေမရှိရင် ဘယ်တော့မှ တိုးတက်မှာမဟုတ်ပါဘူး

အဖိုးပြောသလို လေး ငါး ရက်လောက်နေရင်း ရွာအနီးအနားမှာ တိုက်ပွဲဖြစ်တော့တာဘဲ။ ဗမာစစ်သားတွေ ရှုံးလာပြီ ဆိုရင် ကျနော်တို့ ရွာထဲဝင်လာပြီး တွေ့တဲ့သူကိုပေါ်တာဆွဲ၊ ကြက်တောင်း၊ ဆန်ခိုး၊ ပစ္စည်းဥစ္စာအမျိုးမျိုးကိုပါ အတင်းအဓမ္မယူသွားကြပါတယ်။

ဆီဆား ဟင်းချိုမှုန့်တို့ ၊ ပေါက်ပြားခါးရေပုံးတို့ဖိနပ်တို့ သေချာဖွက်ထားမှ၊ နို့မှို့ဆို ကျန်မှာမဟုတ်။ အခုဆိုရင် စစ်သားတွေရွာထဲ ဝင်လာတာတွေ့တာနဲ့အမျိုးသမီးတွေ ကိုယ့်ထမီ၊ အတွင်းခံအင်္ကျီသနပ်ခါးတုံးတို့အစ ဖွက်ထားမှ၊ ဖွက်မထားရင် သူတို့သားသမီးတွေအတွက် ဖြစ်ပြီသာမှတ်။ တစ်ချို့စစ်သားတွေလည်း ဒီရွာကဟာယူ ဟိုဘက်ရွာသွားရောင်း၊ ဟိုယူဒီရောင်း လုပ်တာတွေလဲရှိတယ်။

ကျနော်ဇာတ်လမ်းထုတ် လံကြုပ် ပြောနေတာမဟုတ်ဘူး။ ရွာတိုင်းလိုလို နေ့စဉ်အမြဲ တရွာမဟုတ်တရွာ တွေ့ကြုံခံစားနေရတဲ့ စည်းကမ်းမဲ့ နအဖစစ်သားစရိုက်ဆိုး နအဖမင်းမျိုးတွေရဲ့ အဖြစ်မှန်လုပ်ရပ်ဖြစ်ပါတယ်။

မယုံရင် ကျနော်တို့သျှမ်းရွာထဲကို တစ်လလောက်လာနေကြည့်။ ဒီလူတွေရဲ့ အကြောင်း ပေါင်းစရာမလိုဘဲနဲ့ကို အကုန်သိတယ်။

အခုဆို မုန်တိုင်းတိုက်လို့ လူတွေ သောင်းသိန်းနဲ့ချီပြီး သေကြပျောက်ကြ၊ စားစရာ ဝတ်စရာ နေစရာအားကိုးစရာမရှိ အတိဒုက္ခဖြစ်နေတာကိုတောင် ဒီစစ်အုပ်စုကလက်ပိုက်ပြီး အေးအေးဆေးဆေး စိုးရိမ်ပူပန်မှုအလျဉ်းဘာမှမရှိ။ ပြည်ပနိုင်ငံတကာကဝင်ရောက်ကူညီထောက်ပံ့မယ်ဆိုတာကို ချက်ချင်းလက်ငင်းလက်ခံ တောင်းပန်ရမဲ့အစား သူတို့က ဟိုလိုလိုဒီလိုလိုနဲ့ငြင်းပယ်နေသေးတာ။ ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက်တော်တော့ကို အခွင့်အရေး ဆုံးရှုံးနစ်နာ ဒုက္ခထပ်ရောက်စေပါတယ်။

စစ်အုပ်စုကိုယ်ကျိုးအတွက် ဒင်းတို့ပါးစပ်တွေက အပလီအပလာ မုယာမာယာဖွဲ့ပြီး ပြည်တွင်း ပြည်ပက ယုံကြည်ထောက်ခံကူညီအောင် နည်းမျိုးစုံ မြန်မြန်ဆန်ဆန် ပြောဆိုတတ်ပြီး အတိဒုက္ခရောက်နေတဲ့ပြည်သူတွေအတွက်ကျတော့ သူ့ပါးစပ်က နှေးကွေးလက်ခံငြင်းဆန်ချင်တာကို ဒို့ပြည်သူအားလုံး ဒီလူတွေရာထူးကနေ ပြုတ်ကျသွားအောင် လုပ်ဆောင်ရမဲ့ အချိန်ရောက်ပါပြီ။

ဒီလူတွေဟာ တိုင်းပြည်နဲ့ ပြည်သူတွေအတွက် ဘာမှ အကျိုးပြုမှာ မဟုတ်ပါဘူး။ ယခင်ကလည်း မပြုခဲ့ဖူး ယခုလဲမပြု နောင်လဲ ဘာမှ အကျိုးပြုမှာမဟုတ်ပါဘူး။

ခုလဲကြည့် မေလ ၁၀ ရက်ဟာမဲဆန္ဒရွေးကောက်ပွဲနေ့မှာ မုန်တိုင်းကြောင့် အသက်ခန္ဓာစည်းစိမ်ဥစ္စာဆုံးရှုံးတဲ့သူတွေရဲ့ ၇ ရက်မြောက်နေ့။ ဗုဒ္ဓဘာသာထုံးတမ်းအရ သေသူတွေကို ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုပေးရမဲ့နေ့။ ဒါကိုစစ်အစိုးရက သူ့အာဏာအတွက် ကိုယ်ကျိုးအတွက် ကျန်တဲ့နေရာတွေမှာ မဲဆန္ဒရွေးကောက်ပွဲကိုဘဲ တဇွတ်ထိုးသဲကြီးမဲကြီးလုပ်နေပါတယ်။




သူတို့ပြောတဲ့ ပြည်သူ့အတွက်တပ်မတော်ရဲ့အင်အား ဆိုတာ ဘာလဲ? ဘယ်လဲ? ပြည်သူတွေ ဒုက္ခကြုံတော့ တပ်မတော်က ဘာတွေကူညီနိုင်လို့လဲ? သူများကူညီမှာ ၊ နိုင်ငံတကာက ကူညီမှာကို ဒင်းတို့မျက်နှာမရမှာ နာမည်မရမှာကြောက်လို့ ကူညီခွင့်မပေးတာ မဟုတ်လား?

နောက်ပြီး ပြည်ပကျွမ်းကျင်သူတွေကို နိုင်ငံထဲဝင်ခွင့်ပေးလိုက်ရင် ဒင်းတို့လုပ်ထားတဲ့မကောင်းမှု၊ မကောင်းကြောင်းတွေ ဗူးပေါ်သလိုပေါ်ကုန်မှာစိုးလို့ ဝင်ခွင့်မပေးရဲ၊ မတတ်နိုင်တော့လို့ ပေးခဲ့တာတောင်မှ ပြည်သူလူထုနဲ့ မနီးကပ်နိုင်အောင် လုပ်ခဲ့တယ်လေ။

လူဆိုတာ ဘာဘဲလုပ်လုပ် အကြောင်းကောင်းမှ အကျိုးကောင်း ဖြစ်ပေါ်လာမှာပါ။ အကြောင်းကောင်းအောင်မလုပ်ဘဲနဲ့အကျိုး

ကောင်း ဘယ်တော့မှ ခံစားရမှာမဟုတ်ပါဘူး။

အကြောင်းဆိုတာကလဲ စေတနာကောင်းအရင်းခံရမှာ။ စေတနာမကောင်းရင်လဲ အကျိုးကောင်းပေးမှာမဟုတ်ပါဘူး။

အခုစစ်အစိုးရရဲ့ အခြေခံဥပဒေဟာ စေတနာကောင်းနဲ့ရေးဆွဲထားတာမဟုတ်တဲ့အတွက်ကြောင့် အကျိုးကောင်းလဲ ခံစားရမှာမဟုတ်ပါဘူး။

အခြေခံဥပဒေဆိုတာ နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တဲ့အတွက်ကြောင့် နိုင်ငံတစ်ခုရဲ့ အထွတ်အထိပ်အရာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်း အားလုံးတန်းတူအခွင့်အရေးရှိရမယ်။ လူအုပ်စုတစု ဒါမှမဟုတ် လူတစ်ယောက်ယောက်က ကိုယ်လိုချင်ရာရေးဆွဲပြီး အတင်းအဓမ္မ တဇွတ်ထိုး ပြည်သူတွေကို လက်မှတ်ထိုးထောက်ခံခိုင်းတာဟာ အခြေခံဥပဒေ ခေါ်ဝေါ်လို့မရပါဘူး။ အာဏာခံဥပဒေဘဲဖြစ်ပါတယ်။

ဘယ်နိုင်ငံမဆို တန်းတူရေးဥပဒေ တရားနည်းလမ်းနဲ့ယှဉ်တဲ့ဥပဒေမရှိရင် ဘယ်တော့မှ တိုးတက်မှာမဟုတ်ပါဘူး။

ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမစကားနဲ့ပြောရင်တော့ တိုင်းပြည်ကိုမင်းလုပ် အုပ်ချုပ်နေတဲ့သူဟာ မင်းကျင့်တရား ၁၀ ပါး ပြည့်စုံရမယ်။ ကျင့်သုံးရမယ်။

မင်းကျင့်တရားမလိုက်နာ မကျင့်သုံးရင် မင်းမှူးမင်းမတ်မင်းမှုထမ်းတွေလည်း စည်းကမ်းမရှိ ပြည်သူ့အပေါ် လုပ်ချင်တိုင်းလုပ်မုဒိန်းကျင့် သတ်ဖြတ် ထောင်ချ ပြည်သူ့ပစ္စည်း ဥစ္စာတွေကိုလည်းယူချင်တာယူ။

မင်းမှုထမ်းတွေ စည်းကမ်းမရှိရင် ရဟန်းတော်တွေလည်း ဝိနည်းတရားမလေးစား။ ဒီတော့ဒကာ၊ ဒကာမတွေလည်း ကောင်းတဲ့အဆိုအဆုံးမ တွေမကြားမနာရ။ အဆုံးအမကောင်းမကြားရတော့လူတွေကကောင်းမှုကုသိုလ်နဲ့ကင်းဝေး၊ ဒီလိုဖြစ်တော့ တိုင်းပြည်စည်ပင်သာယာဝပြောခြင်း၊ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာဝပြောခြင်းရှိမှာမဟုတ်ပါ။

အကြောင်းတရား အရင်းခံကတော့ တိုင်းပြည်အုပ်ချုပ်နေတဲ့မင်းမှုထမ်းတွေ ဝိသမလောဘ (ဘရိတ်မရှိတဲ့ လောဘဇော) တက်နေလို့ပါဘဲ။ ဒီလောဘဟာ သာမာန်လောဘမဟုတ်ဘဲ အလွန့်အလွန်တဘက်စွန်းရောက်နေတဲ့ လောဘဖြစ်ပါတယ်။ အခုဒီမင်းတွေရဲ့ ဝိသမလောဘကတော့ အာဏာကို အလွန်တပ်မက်လိုချင်ခြင်း၊ အာဏာတပ်မက်လွန်းတော့ တိုင်းပြည်အကျိုးအလုပ်မလုပ်တော့ဘဲ မိမိအာဏာတည်မြဲဖို့အတွက်သာ မတရားသော အမှုကိစ္စတွေကို လုပ်ဆောင်နေခြင်း၊ မင်းမှုထမ်းတွေကို ထင်ရာစိုင်း လုပ်ဆောင်ခွင့်ပေးထားခြင်း၊ အပြစ်ရှိတဲ့ တပ်သားမင်းမှုထမ်းတွေကို အရေးမယူဘဲ အပြစ်ကင်းစင်တဲ့ ရဟန်းရှင်လူပြည်သူတွေကို သတ်ဖြတ်ထောင်ချခြင်း ( ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ အရေးအခင်းတုန်းက ရဟန်းတော် သံဃာတော်တွေကို သတ်ဖြတ်ပြီး မြစ်ထဲပစ်ချခဲ့တဲ့) “ ဝိသမလောဘ အာဏာတွေကြောင့်” မိုးဟာရွာသွန်းရမဲ့ အချိန်မရွာသွန်းဘဲ၊ အကာလ အခါမဲ့ ရွာသွန်းခြင်း၊ လေဟာပုံမှန်လမ်းကြောင်း တိုက်ခတ်ရမဲ့အတိုင်း မတိုက်ခတ်ဘဲ လမ်းကြောင်းမမှန် ဖောက်ပြန်စွာပြင်းပြင်းထန်ထန်တိုက်ခတ်ခြင်း၊ ပြင်းထန်တဲ့ မြေငလျင်လှုပ်ခတ်ခြင်း စတာတွေ ဖြစ်ပေါ်လာရပါတယ်။

လူတွေရဲ့ ဝိသမလောဘကြောင့်၊ မိုးရွာမမှန် လေပြင်းစွာတိုက်၊ မြေငလျင်လှုပ်စတာတွေကိုရင်ဆိုင်ရခြင်း၊ ဝိသမလောဘကြောင့် သတ္တန္တရကပ် စစ်ရေးစစ်ပွဲလူတွေအချင်းချင်းသတ်ဖြတ်ကြခြင်း၊ ရောဂန္တရကပ် ရောဂါဆိုးနဲ့ ရင်ဆိုင်ရခြင်း၊ လူတွေရောဂါဆိုးနဲ့ သေကြရခြင်း၊ ဒုဗ္ဘိက္ခန္တရကပ် လူတွေ အစာရေစာမရှိ ငတ်မွတ်ခေါင်းပါးခြင်းဆိုတဲ့ ကပ်ကြီးသုံးပါးနဲ့ ရင်ဆိုင်ရကြောင်း ဗုဒ္ဓမြတ်စွာက အင်္ဂုတ္တရပါဠိတော် တိကနိပါတ် ဝိသမလောဘသုတ်တော်မှာ ဟောကြားမြွက်ကြားထားခြင်း ရှိပါတယ်။

အခုလဲ စစ်တပ်လူတစ်စုက လိုရာဆွဲရေးထားတဲ့ အခြေခံဥပဒေကို အတင်းအဓမ္မပြည်သူတွေကို တဇွတ်ထိုး ထောက်ခံခိုင်းတဲ့အတွက်ကြောင့် တရားနည်းလမ်းမကျလို့ ရဟန်းရှင် လူတွေကမကြိုက်၊ တိုင်းပြည်ကိုစောင့်ရှောက်နေတဲ့ နတ်မင်းတို့ကလည်း မကြိုက်လို့ ဆန္ဒခံယူပွဲကိုရပ်တန်းကရပ်ဖို့ လေမုန်တိုင်းကသတိပေးလိုက်တာပါ။

ဒါကိုကမရပ်ဘဲ အဓမ္မဆက်လုပ်နေရင်တော့ စစ်အုပ်စုအတွက် မဟာ့မဟာအကြီးမားဆုံးဆုံးရှုံးမှုတွေနဲ့ ဒီထက်မက ရင်ဆိုင်ရပါလိမ့်မယ်။

အခု တိုင်းပြည်ရဲ့သွေးရိုးသွေးကြောဖြစ်တဲ့ အပြစ်မဲ့ ပြည်သူပြည်သားတွေ ဆုံးရှုံးရစည်းစိမ်ဥစ္စာရတနာ ဆန်ရေစပါး ကွဲနွားလယ်ယာတွေဆုံးရှုံးရတာ အလွန်အင်မတန်မှ ဝမ်းနည်းစရာ နှမြောစရာ စိတ်မကောင်းစရာ ဖြစ်ခဲ့ရပါပြီ။

ဘယ်သူသေသေ မသေသေ ငတေမာရင်ပြီးရောဆိုတဲ့စိတ်မျိုးနဲ့ စစ်အစိုးရကအဲဒီအခြေခံဥပဒေကို ဆက်လက်ပြဋ္ဌာန်းကျင့်သုံး လိုက်နာခိုင်းရင်တော့ နောင်အခါ တိုင်းရင်းသားနယ်မြေတွေပါ လက်လွတ်ဆုံးရှုံးရပါလိမ့်မယ်၊ လွတ်လပ်ရေးပေးရပါလိမ့်မယ်။

ဒီ အခြေခံဥပဒေဟာ တရားနည်းလမ်းမကျတဲ့ အတွက်ကြောင့် အတိတ်နိမိတ်မကောင်းဖြစ်ခဲ့ရပါပြီ။အစမကောင်းတော့အလယ်အနှောင်းလဲ ကောင်းမှာမဟုတ်တာ အသေချာဘဲ။

အခုလို အခြေခံဥပဒေကို ပြည်သူတွေ အတင်းအဓမ္မထောက်ခံမဲဆန္ဒပေးခိုင်းနေတာဟာ သမီးရည်းစားမဟုတ်တဲ့ မချစ်မနှစ်သက်ကြတဲ့ ကောင်လေးနဲ့ကောင်မလေးကို အတင်းစေ့စပ်လမ်းကြောင်း လက်မှတ်ထိုးခိုင်းနေတာနဲ့အတူတူဘဲ။

ပြည်သူတွေလည်း ပြတ်စဲပိုင်ခွင့် လမ်းခွဲပိုင်ခွင့်ရှိတယ်ဆိုတာ လက်တဆုပ်စာ စစ်ခေါင်းဆောင်တွေကို အသိပေးစကား မှာကြားလိုပါတယ်။

အခုအချိန်ကစပြီး တိုင်းပြည်ကိုအကျိုးပြုတဲ့ တိုင်းသူပြည်သားတွေကို မချစ်ခင် မကြင်နာ မသနားတဲ့ မင်းဆိုးမင်းညစ်တွေ အမြန်ပြုတ်ကျပျောက်ကွယ်ပြီး မင်းကောင်းမင်းမြတ်တွေပေါ် ထွန်းပါစေ။

ဒုက္ခရောက်နေတဲ့သူတွေလဲ မြန်မြန်အကူအညီရရှိပြီး ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်ခြံကိုယ့်မြေနဲ့ အမြန်ပြန်နေထိုင်ရပါစေ။

တမလွန်ဘဝကို ကူးပြောင်းသွားတဲ့သူတွေရော ကောင်းရာသုဂတိ ရောက်ပါစေ။

တိုင်းသူပြည်သားတွေ အမြန်လွတ်လပ်ရေး တန်းတူညီရေး ဒီမိုကရေစီရေး အမြန်ရရှိပါစေလို့ ဆုတောင်းပတ္ထနာ ပြုလိုက်ပါတယ်။ ❑

# အခြေခံဥပဒေအတည်ပြုတဲ့ စစ်အစိုးရကို ဒီမိုအင်အားစုများဝေဖန်

မြန်မာ့အရေးသုံးသပ်သူ
သမိုင်းပညာရှင် ဒေါက်တာအောင်ခင်
ဗွီအိုအေ ၃၀ မေ ၂၀၀၈ (ဦးကျော်အောင်လွင်)

နိုင်ငံတကာ အခြေခံဥပဒေဆိုင်ရာ ကိစ္စတွေကို အထူးလေ့လာထားတဲ့ အမေရိကန်ရောက် ဒေါက်တာအင်ဒရူး ငုံကြိုးလျံကတော့ မြန်မာပြည်နိုင်ငံရေးဟာ ဒီမိုကရေစီကို ဦးတည်နေတယ်ဆိုပေမယ့် ပြည်သူတွေလိုချင်နေတဲ့ ဒီမိုကရေစီတော့မဟုတ်ဘူးလို့သုံးသပ်ပါတယ်။

"၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို လွှန်ခဲ့တဲ့ဆယ့်လေးငါးနှစ်ထဲက တစ်ခုချင်းဖြိုခွဲလာတာ အခုနောက်ဆုံးအဆင့်ရောက်နေပြီလို့ ကျနော်ထင်တယ်။ နိုင်ငံရေးပါတီတွေအားလုံးကို ဖြိုခွင်းလိုက်တဲ့အချိန်ကျရင် ၉၀ ရွေးကောက်ပွဲကလည်း သူ့ဘာသာသူ ပျောက်သွားမယ်လို့ ယူဆပါတယ်"

"အရင်တုန်းကလည်း မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုပြီးတော့ တိုင်းပြည်ကို ဖောက်ထိုးမိုးမျှော်ကျသွားအောင် လုပ်သွားတယ်။ အခုလည်း မြန်မာ့နည်း မြန်မာ့ဟန် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုပြီး နာမည်ပေးထားတော့ သူတို့လိုချင်တဲ့ ဒီမိုကရေစီတော့ ရမှာပါ။ ဒါပေမဲ့ပြည်သူလိုချင်တဲ့ ဒီမိုကရေစီတော့ ဘယ်လိုနည်းနဲ့မှမရနိုင်ပါဘူး။"

" မြန်မာပြည်မှာ ဒီမိုကရေစီလိုချင်တဲ့လူက တကယ်လိုချင်သလား မလိုချင်ဘူးလား ဆိုတဲ့အပေါ် မှာရှိတာကိုး။ သူများလုပ်ပေးမှာကို ထိုင်စောင့်နေရင်တော့ ဘယ်တော့ရမလဲ။ ကျနော်တို့အပြင်လူအနေနဲ့တော့မြန်မာပြည်မှာဒီမိုကရေစီလှုပ်ရှားမှုတကယ်ရှိသလား၊တကယ်ဘဲ ရွတ်ရွတ်ချွံချွံလုပ်ရဲတဲ့လူရှိသလား၊ အဲဒါမျိုးကြည့်ရတာပေ့ါ။ဥပမာ အင်္ဂလန်မှာ အာဏာရှင်စနစ်ပြုတ်သွားအောင် ဒီအတိုင်းအလကားရတာမဟုတ်ဘူး။ ပြည်တွင်းစစ်ဖြစ်၊ စစ်ဒဏ်ကြောင့် လူ ၂ သိန်းလောက်သေပြီးမှဥပဒေနဲ့ အုပ်ချုပ်တဲ့ဘုရင်စနစ်ပေါ် လာတာ။ အမေရိကန်မှာလည်း ထိုနည်းလည်းကောင်းပါဘဲ။ အင်္ဂလိပ်ဘုရင်ပေးတာကို ထိုင်စောင့်နေရင် အမေရိကန်ဘယ်တော့မှလွတ်လပ်ရေးရမှာမဟုတ်ဘူး။ဒီမိုကရေစီလို လားသူတွေအနေနဲ့ ဒီမိုကရေစီရလောက်အောင် အားထုတ်မှုတွေပြည့်စုံမှုမရှိသေးဘူး။ ပြည်တွင်းအင်အားစုပါဘဲ။ အရှေ့တီမောမှာဆိုရင် လွတ်လပ်ရေးရအောင် သိန်းနဲ့ချီပြီးအသေခံခဲ့ရတယ်။ မြန်မာပြည်မှာ ရှစ်လေးလုံးအရေးအခင်းဖြစ်တော့ အားလုံးပြောတာ လူ ၃၀၀၀ သေတယ်ပြောတယ်။ လူ ၃၀၀၀ သေလို့နောက်မလုပ်တော့ဘူးဆိုရင်တော့ ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး။"

အားထုတ်မှုတွေ မလုံလောက်တဲ့အတွက်ကြောင့်လိုချင်တဲ့ ပြောင်းလဲမှုက ဖြစ်မလာဘူး။ အဲဒီအချိန်မှာ စစ်အာဏာပိုင်တွေဘက်က လုပ်တဲ့ ပြောင်းလဲမှုကိုဘဲ ခံစားရပါတယ်။ မြန်မာပြည်မှာဒီမိုကရေစီရေး လုပ်ကိုင်သူတွေက ထောင်ထဲမှာလည်း အများကြီးရှိတယ်။ လက်ရှိပြောဆိုနေတာတွေလည်း ရှိပါတယ်။ ကြိုးကြားကြိုးကြား ဆန္ဒပြတာတွေ၊ မကျေနပ်ချက်တွေရှိပါတယ်။။ ဒီလိုလူတွေရဲ့အားထုတ်မှုတွေကတော့ရှိနေတာဘဲ။ သူတို့လုပ်နေတာတော့ သူတို့ယုံကြည်ချက်အတိုင်း လုပ်နေတာပေ့ါ။ ရေရှည်ကြည့်ရမှာပေ့ါ။ ပြင်သစ်တော်လှန်ရေးဆိုရင်လည်း နှစ်ပေါင်း ၁၀၀ လောက်ကျမှ ဒီမိုကရေစီနိုင်ငံပေါ် လာတာလည်းရှိတာပေ့ါ။ အဲဒီတော့ ချက်ချင်းလက်ငင်းတော့ မရနိုင်ဘူး။ ဒီလူတွေလုပ်နေတာတွေလည်း အချည်းနှီးတော့မဖြစ်ပါဘူး။ တနေ့ကျရင် သူတို့လုပ်ကိုင် ဆောင်ရွက်ချက်တွေက အများကြီးအကျိုးသက်ရောက်မှုရှိမှာပါ။ သူတို့ က လူနည်းစုဖြစ်ပေမဲ့ သူတို့အနစ်နာခံထားတာတွေက ဘယ်တော့မှ အချည်းအနှီးမဖြစ်ဘူးဆိုတာတော့ ကျနော်တို့သိပါတယ်။

အာဏာပိုင်တွေရဲ့ ကြိုးပမ်းမှုတွေအရဘဲဖြစ်ဖြစ်၊ ဒီမိုကရေစီလိုလားသူတွေ ကြိုးပမ်းမှုတွေအရဘဲဖြစ်ဖြစ်၊ နိုင်ငံတကာရဲ့ တွန်းအားပေးမှုတွေ ထောက်ခံမှုတွေအရဘဲဖြစ်ဖြစ် မြန်မာပြည်ဟာ ဒီမိုကရေစီကို ဦးတည်နေတယ်လို့ပြောမယ်ဆိုလည်းပြောပေ့ါဗျာ။ ဒါပေမဲ့အခု ဖြစ်နေတာ ပြည်သူလူထုက ဒီမိုကရေစီအစစ်လိုချင်တယ်။ အစိုးရက အတုပေးတယ်။ အဲတော့ အတုနဲ့ အစစ်ကြားမှာ ပြိုင်နေရတဲ့သဘောရှိတာပေ့ါ။ လောလောဆယ်ကတော့ အတုဘဲရမယ်။ အဲတော့အတုကနေ အစစ်ရအောင် ကြိုးစားရမယ့်လမ်းဘဲရှိတော့တယ်။ အကြမ်းမဖက်ဘဲ အသွင်ကူးပြောင်းတဲ့ လက်နက်ကိုင်တဲ့နည်းကလည်း မအောင်မြင်သေးဘူး။ ဘယ်နည်းနဲ့မှ မအောင်မြင်သေးတဲ့အတွက် မြန်မာပြည်အခြေအနေက တော်တော်ကြာဦးမှာဘဲ"

ဒီမိုကရေစီဆိုင်ရာ အပြောင်းအလဲတွေမရှိဘဲ စစ်အစိုးရက တိုင်းပြည်ကို မတရားသဖြင့် အာဏာသိမ်းအုပ်ချုပ်နေတာကြာနေပြီလို့ အများကပြောဆိုနေကြတာ အခုတော့ မြန်မာနိုင်ငံရေးဟာ ပြောင်းလဲနေပါပြီ။ ပြည်သူတွေလိုချင်တဲ့ အပြောင်းအလဲ ဟုတ်မဟုတ်ဆိုတာနဲ့ကိုယ်လိုချင်တဲ့ အပြောင်းအလဲကိုဘယ်လိုလုပ်ယူကြမလဲဆိုတာကတော့အားလုံး ဆုံးဖြတ်ပြီး လုပ်ကိုင်ကြရမယ့်ကိစ္စဖြစ်လိမ့်မယ်လို့ သုံးသပ်သူတွေက ယူဆနေကြပါတယ်။

❑ ❑ ❑

# နအဖ ဆန္ဒခံယူပွဲအပေါ် ကြိုတင်စစ်တမ်း

နအဖအလိုကျ ဆန္ဒခံယူပွဲ ကျင်းပသည့် မေ ၁၀ ရက်မတိုင်မီ ဧပြီလနှောင်းပိုင်း–မေလဆန်းပိုင်း၌ ပြည်ပအခြေစိုက် လွတ်လပ်သော မြန်မာ့သတင်းမီဒီယာအဖွဲ့များက စစ်အုပ်စုဖွဲ့စည်းပုံအပေါ် ဆန္ဒမဲပေးကြမည့် ပြည်တွင်းပြည်သူ ၂,၀၀၀ ကျော်အားတွေ့ဆုံဆက်သွယ်မေးမြန်း စစ်တမ်းကောက်ယူခဲ့ရာ နအဖတို့ထုတ်ပြန်ကြေငြာသောရလဒ်နှင့် ဗီလာပြောင်းပြန်အဖြေထွက်ခဲ့သည်ကို တွေ့ရှိရ၏။

သတင်းမီဒီယာ ၁၀ ဖွဲ့ဖြင့် စုပေါင်းထူထောင်ထားသော BNI ခေါ် နိုင်ငံတကာဘားမားသတင်းအဖွဲ့က ပြည်နယ်နှင့်တိုင်းအားလုံး နီးပါးအထိ ခရိုင်၊ မြို့နယ် ဒေသအသီးသီးမှ မဲပေးခွင့်ရှိသူ လူထုအကြား လက်လှမ်းမီသရွေ့ စစ်တမ်းကောက်ခံခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်တမ်း၏ တိုင်းတာချိန်ထိုးချက်အရ အခြေခံဥပဒေအရေးပါမှုအပေါ် သိရှိနားလည်ခြင်း သတိမူအလေးထားခြင်း မည်ရွေ့မည်မျှရှိကြောင်း၊မည်သည့်အဆင့်ရှိကြောင်း၊၇ ပြည်နယ် ၆ တိုင်းမှတောင်သူလယ်သမား၊ ကျောင်းသား၊ နေ့စားအလုပ်သမား၊ ကုန်သည်ပွဲစား၊ အိမ်ရှင်မ၊ ကြံ့ဖွံ့အဖွဲ့ဝင်၊ ဝန်ထမ်း၊ အပစ်ရပ်အဖွဲ့ဝင်များအား မေးမြန်းကြည့်ခြင်းဖြင့် မဲပေးခွင့်ရှိသူအသီးသီး၏ ဆန္ဒအစစ်အမှန်ကို ဖော်ပြနိုင်ခဲ့သည်။

သျှမ်းသံတော်ဆင့်၏ မေးမြန်းစစ်တမ်းကောက်ခံရသူ ပြည်တွင်းပြည်သူလူထု ၂၃၂ ယောက်အပါအဝင် BNI အဖွဲ့ဝင် အားလုံး၏ ရက်ပိုင်းအတွင်း စစ်တမ်းကောက်ခံရသူ စုစုပေါင်းမှာ ၂၀၄၈ ဦးရှိခဲ့၏။ အနှစ်ချုပ်အဖြေရလာဒ်မှာ အောက်ပါအတိုင်းဖြစ်၏။

❑ မဲပေးခွင့်ရှိသူများ ဖြေကြားသော စစ်တမ်းအရ **၈၃ % မှာ ဆန္ဒမဲသွားပေးမည်။** ၁၀% မဲရုံကိုသွားမည်မဟုတ်။ ၇ % မှာမူ မဆုံးဖြတ်ရသေးဟု အဖြေထွက်၏။

❑ အကယ်၍ ဆန္ဒမဲသွားပေးပါက **၆၆.၄ %က ကြက်ခြေခတ်ကန့်ကွက်မဲထည့်မည်။** ကျန် ၂၃ %မှာမူ ထောက်ခံမလား ကန့်ကွက်မလား မဆုံးဖြတ်ရသေးဟုဆို၏။

❑ အခြေခံဥပဒေနှင့် စပ်လျဉ်း၍ **၆၉% ဖွဲ့စည်းပုံမူကြမ်း အကြောင်းဘာမှမသိ** ။ သိရှိနားလည်သူ စိတ်ဝင်တစား အလေးထားလေ့လာဖတ်ရှုရသူဟူ၍ ၃၁ %သာရှိကြောင်း တွေ့ရှိရ၏။

❑ မဲပေးခွင့်ရှိသူ **၇၉.၉ % က မိမိဆင်ခြင်တုံတရား၊ မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆန္ဒမဲပေးကြမည်** ဖြစ်ပြီး ၁၇.၄% မှာမူ အကြပ်ကိုင်ခြိမ်းခြောက်၍ အဓမ္မအမှန်ခြစ် ထောက်ခံခိုင်းသဖြင့် မလွန်ဆန်နိုင်ဘဲ ထောက်ခံမဲထည့်မည်(သို့မဟုတ်) မက်လုံးပေး ဖြားယောင်းသွေးဆောင်ခံရလျှင်အမှန်ခြစ်ပေးရမည်ဟု ဝန်ခံကြသည်။

စစ်တမ်းကောက်ယူရေးအတွက် ဧပြီလနှောင်းပိုင်းကတည်းက ပြင်ဆင်စီစဉ်ခဲ့ရသူ BNI အတွင်းရေးမှူး မူလိုင်းသိမ့်က စစ်တမ်းဖြေဆိုသူများအနက် တောင်သူလယ်သမား ၃၁.၂% ကုန်သည်ပွဲစား စီးပွါးရေးသမား ၁၆ % ကျောင်းသား ၁၁.၁% တို့မှာအများစုဖြစ်ကြောင်း ပြောဆိုသည်။

တပြည်လုံးအနှံ့ သာမာန်မဲပေးခွင့်ရှိသူများအားတွေ့ဆုံ ဆက်သွယ်မေးမြန်းခဲ့ရသည်ဟုဆိုသော်လည်း အချိန်အကန့်အသတ်ကြောင့် အများအားဖြင့် ၇ ပြည်နယ် တိုင်းရင်းသားဒေသများမှရရှိသော စစ်တမ်းအပေါ် အခြေခံသည်ဟု သူမထောက်ပြသည်။

သူမအဓိက ကောက်ချက်ချသည်မှာ နားဂစ်ဆိုင်ကလုန်းလေပြင်းမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်မှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသ ပြည်သူများရစရာမရှိအောင် သေကြေပျက်စီးဆုံးရှုံးနေသည့်ကြားထဲ ၊ ဆန္ဒခံယူပွဲထက် မည်သည့်ကိစ္စမျှ အရေးမပါသယောင် ကြက်ခြေခတ်ကန့်ကွက်မဲ နည်းနိုင်သမျှနည်းစေရန် စစ်အစိုးရ နည်းလမ်းပေါင်းစုံ စည်းရုံးလှုံ့ဆော်တိုက်တွန်းခြိမ်းခြောက်နေသည့်အချက်ဖြစ်သည်။

BNI အဖွဲ့ဝင် မဇ္ဈိမသတင်းဌာနအယ်ဒီတာချုပ် စိန်ဝင်းကလည်း စစ်အစိုးရ၏ဆယ်စုနှစ်နှင့်ချီ စီမံအုပ်ချုပ်ရေး ညံ့ဖျင်းမှားယွင်းမှုကြောင့် နအဖအပေါ် ယုံကြည်လိုလားမှုလုံးဝကင်းမဲ့သည့် လက်သီးပုန်းပြည်သူလူထုအဖို့ ကြက်ခြေခတ်ကန့်ကွက်မဲထည့်ရန်သာ ဆန္ဒပြင်းပြနေကြသည်ဟု ထောက်ပြသည်။ အကယ်၍ ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ လွတ်လပ်မျှတစွာ မဲပေးခွင့်ရှိကြမည်ဆိုလျှင် အများစုက ဆန္ဒမဲသွားပေးကြမည်။ အာဏာရှင်စစ်အုပ်စုအပေါ် ရွံရှာမုန်းတီးသော လူထု၏အတွင်း အဇ္ဈတ္တသန္တာန်မှာ နအဖ၏ဖွဲ့စည်းပုံကို လုံးဝဆန့်ကျင်ပြီးသားဖြစ်၏။ အထူးသဖြင့် လူသားချင်း စာနာထောက်ထားရေး ထောက်ကူပံ့ပိုးမှု အလျှင်စလို အပူတပြင်းတောင့်တမျှော်ကိုးနေကြသော ကျန် ၄၇ မြို့နယ် နားဂစ်မုန်တိုင်းဒဏ်ခံရသူများအားလည်း မေ ၂၄ ရက် ဆန္ဒခံယူပွဲအတွက် ထောက်ခံမဲများ မဖြစ်မနေထည့်ပေးရန် ထပ်မံဖိအားပေးခြိမ်းခြောက်ခဲ့သည့် ကိစ္စဖြစ်သည်။

"အခြေအနေပေးလို့ အခွင့်သာတယ်ဆိုရင်စစ်အုပ်စုရဲ့ လုပ်ရပ်ကို သွေဖည်ဆန့်ကျင်ဖို့ ပြည်သူတွေတလျှောက်လုံး နည်းလမ်းရှာနေကြတယ်။ ဒီဆန္ဒခံယူပွဲလဲဘဲ လူထုအများစုက ကန့်ကွက်မဲထည့်ဖို့ အားခဲထားတယ်လို့ မျှော်လင့်ရတယ်။ လွတ်လပ်မျှတတဲ့ လျှို့ဝှက်မဲပေးစနစ်ဟုတ်မဟုတ်ဆိုတာတော့ စောင့်ကြည့်ရမှာဘဲ" ဟုလည်း ရှင်းလင်းပြ၏။

BNI အဖွဲ့ဝင်တစ်ခုဖြစ်သည့် သျှမ်းသံတော်ဆင့်သတင်းစဉ် ဒါရိုက်တာ ဦးခွန်စိုင်းကလည်း ဆန္ဒမဲပေးမပေး ဆုံးဖြတ်ချက် မချရသေးသူများအဘို့ကန့်ကွက်မဲထည့်ရန်သာ အာသီသပြင်းပြကြသည်ဟု တပ်အပ်ပြောနိုင်ကြောင်း၊ အထက်အာဏာပိုင်များ၏ ဖိအားပေးခြိမ်းခြောက်မှု တိုက်ရိုက်ခံရသည့် ဝန်ထမ်းလောကနှင့် ကြံ့ဖွံ့အဖွဲ့ဝင် ခပ်များ

စာမျက်နှာ (၃၉) သို့

# ပြိုင်တူဟိန်းမှခြိမ်းမယ့်မိုး

အောင်ဒင်

စစ်အာဏာရှင်တွေက တိုင်းပြည်ကိုရာသက်ပန် အုပ်ချုပ်နိုင်ဖို့ အတွက် သူတို့စိတ်တိုင်းကျရေးဆွဲထားတဲ့ ဥပဒေကိုတဖက်သတ်ပြဋ္ဌာန်း အတည်ပြုဖို့ ကြိုးစားနေပါပြီ။

ဒီပွဲမှာ သူတို့အောင်မြင်ခဲ့ရင် ကျနော်တို့ရဲ့ ၁၉၉၀ ရွေးကောက် ပွဲရလဒ် ထာဝရဆုံးရှုံးရတော့မယ်။ စစ်အာဏာရှင်စနစ်ဟာ မြန်မာ နိုင်ငံမှာ တရားဝင်ဖြစ်လာပြီး ကျနော်တို့ပြည်သူတွေ သားစဉ် မြေးဆက် စစ်ကျွန်ဘဝ ရောက်ကြရတော့မယ်။ ဒီမိုကရေစီ လူ့အခွင့်အရေးနဲ့ တိုင်း ရင်းသားလူမျိုးစုအရေးတွေဟာ စစ်ဖိနပ်များအောက်မှာ နာကျင်ကြရ တော့မယ်။

“တိုက်ပွဲပုံသဏ္ဍာန်ကို ရန်သူကဖန်တီးပြီး တိုက်ပွဲရဲ့အရှိန် အဟုန်က ညီညွတ်မှုကိုတည်ဆောက်ပေးတယ်။”

“မြန်မာပြည်ကို ရာသက်ပန်အုပ်ချုပ်တော့မယ်ဟေ့” လို့ စစ်ဘီလူးတွေက ကြွေးကြော်လိုက်တာဟာ မြန်မာပြည်သူလူထုကို စစ်ကြေငြာလိုက်တာဘဲ။ စိန်ခေါ် လိုက်တာဘဲ။ ဒီစိန်ခေါ် မှုကို ကျနော်တို့ ရင်ဆိုင်လိုက်ပါတယ်။

ဗိုလ်သန်းရွှေခေါင်းဆောင်တဲ့ နအဖစစ်အုပ်စုဟာ မတရားမှုတွေ နဲ့ တည်ဆောက်ဖွဲ့စည်းထားတဲ့ မိစ္ဆာတွေပါ။

ဆန္ဒခံယူပွဲကျင်းပရေး ဗဟိုကော်မရှင်ရဲ့ ဥက္ကဋ္ဌ ဦးအောင်တိုး ဟာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရဲ့ ဥက္ကဋ္ဌလည်း ဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပြီး ကော်မရှင်တွေဟာလည်း နအဖက စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ လူတွေပါ။

နအဖဟာ ဆန္ဒခံယူပွဲ ရလဒ်ကိုလိမ်လို့ရပေမဲ့ မြန်မာပြည်သူ လူထုရဲ့ကန့်ကွက်မှု ပြင်းဆိုမှုကို ဘယ်လိုမှဖုံးကွယ်လို့မရနိုင်ပါဘူး။

တချိန်တည်းမှာဘဲ ဆန္ဒခံယူပွဲကျင်းပရေး လုပ်ငန်းစဉ်ရဲ့ မသမာ မှုတွေကို ကျနော်တို့ဖေါ်ထုတ်ခဲ့ ဖေါ်ထုတ်ဆဲ ဖေါ်ထုတ်နေကြတာပါ။ မတရားတဲ့ပြစ်ဒဏ်၊ မမျှတတဲ့ စည်းရုံးမှု၊ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု လိမ်လည်မှုတွေအပြင် သန်းပေါင်းများစွာသော ပြည်ပရောက် မြန်မာနိုင် ငံသားတွေကို မဲပေးခွင့်ကန့်သတ်မှုတွေ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လေ့လာခွင့်မရမှုတွေဟာဖြင့် ဒီဆန္ဒခံယူပွဲဟာ တရားမျှတမှုမရှိပါဘူး ဆိုတာကို အတိအလင်းသက်သေပြနေတာပါ။

ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုယ်နှိုက် မတရားမှု၊ ဆန္ဒခံယူပွဲ ကျင်းပရေးလုပ်ငန်းစဉ်ရဲ့ မတရားမမျှတမှုနဲ့ လူထုရဲ့ပြင်းဆန်ကန့်ကွက်မှု တွေဟာဖြင့် နအဖရဲ့ဖွဲ့စည်းပုံကို မြန်မာပြည်သူတွေ အားလုံးကရော နိုင်ငံတကာအစိုးရတွေကပါ အသိအမှတ်မပြုကြဖို့ လုံလောက်ခိုင်မာတဲ့ အကြောင်းတရားတွေပါဘဲ။ ပြီးတော့ ကျနော်တို့ဟာ နအဖဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုထဲကိုဘဲ ကန့်ကွက်ငြင်းပယ်တာမဟုတ်ပါဘူး။ နအဖစစ်အာဏာရှင်စနစ်ကြီး တစ်ခုလုံးကိုပါ ကန့်ကွက်ငြင်းပယ်ကြ တာပါ။

မတ်လ ၃၁ ရက်နေ့က မြန်မာနိုင်ငံတွင်းက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက ကမ္ဘာတဝှမ်းမှ လွှတ်တော်ကိုယ်စားလှယ်တွေထံ ပန်ကြားလွှာတစောင် ထုတ်ပြန်ပါတယ်။ အဲဒီပန်ကြားလွှာမှာ မြန်မာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကိုယ်စား ဦးပူကျင့်ရှင်းထန် ဦး ဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက လက်မှတ်ရေးထိုးထား ပါတယ်။

သူတို့က ကမ္ဘာတဝှမ်းကလွှတ်တော်ကိုယ်စားလှယ်တွေကို ...

၁။ နအဖစစ်အုပ်စုအပေါ် စီးပွားရေး၊ သံတမန်ရေး ဖိအားပေးမှုတွေ ပြုလုပ်ဖို့သက်ဆိုင်ရာအစိုးရများအား တိုက်တွန်းပေးရန်။

၂။ နအဖစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသိအမှတ် မပြုကြောင်းကြေငြာရန်နှင့် သက်ဆိုင်ရာအစိုးရများအား အလားတူ တိုက်တွန်းပေးရန်။

၃။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မလွဲမသွေလိုက်နာ ရမည့် ဆုံးဖြတ်ချက်များ ချမှတ်ရေးအတွက်တိုက်တွန်းရန်နှင့် သက်ဆိုင်ရာအစိုးရများအားလည်း အလားတူတောင်းဆိုရန်။

၄။ နအဖ စစ်အုပ်စုအား ကမ္ဘာ့နိုင်ငံများမှ လက်နက်ရောင်းချမှု ပိတ်ပင်ရေးအတွက် တောင်းဆိုရန်နှင့် သက်ဆိုင်ရာအစိုးရများ အားလည်းတိုက်တွန်းရန် နအဖစစ်ခေါင်းဆောင်များအပေါ် ဘဏ္ဍာရေး နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပိတ်ဆို့မှုများဖြင့် အရေးယူရန်။

၅။ မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အခြား နိုင်ငံများနှင့် ပူးပေါင်း၍ အပြုသဘောဆောင်ရွက်ရေးအတွက် တရုတ်အစိုးရအား ဖိအားပေးရန်နှင့် သက်ဆိုင်ရာအစိုးရများအားလည်း အလားတူ ဆောင်ရွက်ရေးတိုက်တွန်းရန်စသဖြင့် ပန်ကြားထားပါသည်။

**၂၀၀၈ မေလထုတ် မဇ္ဈိမဂျာနယ်မှ**

**စာမျက်နှာ (၃၈) မှ**

(from page 38)

များအဘို့ တွေ့ဝေမှုထဲ ပါဝင်နေကြကြောင်း၊ ဆွေးနွေးတင်ပြခဲ့သည်။

**BNI** အဖွဲ့ဝင်များ စီစဉ်ကောက်ခံခဲ့သော အဆိုပါစစ်တမ်း ဆာဗေး အခြေခံမေးခွန်းအချက်အလက်များကို စင်္ကာပူအခြေစိုက် နိုင်ငံ တကာအတွေ့အကြုံရှိ ကျွမ်းကျင်သူများက အကြံပြု လမ်းညွှန်ပေးခဲ့ခြင်း ဖြစ်သည်။

**BNI** အဖွဲ့ဝင်သတင်းမီဒီယာ အဖွဲ့ ၁၀ ဖွဲ့ကား အိန္ဒိယ အခြေ စိုက်မဇ္ဈိမ၊ ဘင်္ဂလားဒေ့ရှ်အခြေစိုက် နာရင်ဂျာရာသတင်း၊ ကုလားတန် သတင်း၊ ထိုင်းအခြေစိုက် သျှမ်းသံတော်ဆင့်၊ လွတ်လပ်သော မွန်သတင်း အေဂျင်စီ၊ ကန္တာရဝတီတိုင်းမ်၊ ကချင်သတင်းဌာန၊ ခါးပူးဝါးအူး (ကောဝ်ဝေါဝ်) သတင်းဌာန၊ အဲန်အဲမ်ဂျီ၊ ခိုနူးမ်ထူးမ်သတင်းဌာန တို့ဖြစ်ကြသည်။

အင်္ဂလိပ်မှ ဘာသာပြန်သူ – **တုံးမောင်း**

(၁၀/၀၆/၂၀၀၈)

# ခြိမ်းခြောက်အကောက်ကြံ နအဖဆန္ဒခံယူပွဲ အထောက်အထားအချို့

ရှမ်းပြည်အလယ်ပိုင်း မိုင်းရှူး၊ ရှမ်းပြည်မြောက်ပိုင်းနမ့်ခမ်းနှင့် ရှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံမြို့များမှ ကလိမ်ကကျစ်အကောက်ကြံ ဆန္ဒခံယူပွဲဆိုင်ရာအဖြစ်အပျက်များမှာ တစ်စိတ်တစ်ဒေသ နမူနာအနည်းငယ်မျှသာဖြစ်သည်။ ကျန်ဒေသအားလုံးတွင်လည်း လိမ်လည်လှည့်ဖျားခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း ထောက်ခံမဲ မရရအောင် အတင်းရယူခြင်းများမှာ နည်းလမ်းသာကွဲပြီး အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်သည်။ ဥပဒေကြောင်းအရ အကြုံးမဝင်သော ထောက်ခံမဲ အတင်းအကျပ်ရယူသည့် လုပ်ရပ်သာဖြစ်သည်။

၈/၅/၂၀၀၈ ရက်က ကွတ်ခိုင်ဗျူဟာမှူး စံရွှေသာနှင့် နမ့်ခမ်းမယကဥက္ကဋ္ဌ ဦးတင်လှိုင်တို့ ဦးစီးပြီး ကွန်ဟိန်းနှင့် နောင်မဲ့တာကျေးရွာ၌ ကြိုတင်မဲထည့်စေသည်။ ကြိုတင်မဲနှင့်ပတ်သက်ပြီး ရှင်းလင်းပြခြင်းလုံးဝမရှိ။ ကြိုတင်မဲ၏ ဘယ်ဘက်ခြမ်းကွက်လပ်ပါ နာမည်နှင့် အဖေနာမည်ဖြည့်စွက်ရန် နေရာများကိုထောက်ပြပြီး မဲလက်မှတ်တိုင်းတွင် မည်သူမည်သို့ဆန္ဒပြု သည်ကို စစ်ဆေးသိရှိနိုင်သည်ဖြစ်၍ ထောက်ခံမဲသာပေးရန် လိမ်လည် ခြိမ်းခြောက်သည်။ ကွန်ဟိုင်းရွာသား အားလုံးနီးပါးကိုယ်စား ရယကစာရေး လုံးကျော်အေးအား အမှန်ခြစ်ခိုင်းပြီး ရွာသူရွာသားများအား လက်မှတ်ထိုး–လက်ဗွေနှိပ်စေသည်။ လုံးခမ်းဆိုင်ဆိုသူ ကြက်ခြေခတ်ထည့် သဖြင့် ဦးတင်လှိုင်၏ ဆဲဆိုကြိမ်းမောင်းခြင်းခံရရုံမက နောက် ၂–၃ ရက် ကြာလျှင် ထပ်မံခေါ်ယူစစ်ဆေးမည်ဟုပြောသည်။

၁၀/၅/၂၀၀၈ ရက်၌လည်း နမ့်ခမ်းမြို့ စာရေးတန်း နောင်ဖနဲ့ကုန်းနှင့် မိုခမ်းရပ်များတွင် မဲလိမ်လည်မှု အများဆုံးဖြစ်ပေါ် သည်။ မိုခမ်းရပ်ကွက်တွင် မယက အတွင်းရေးမှူး ဦးမျိုးသူကိုယ်တိုင် မဲရုံကို ထိန်းချုပ်ပြီးမဲထည့်မည့်သူများမရောက်မီ မဲပြားများစွာ အမှန်ခြစ်ပြီးမဲပုံးသို့ထည့်နှင့်သည်။ ရပ်ကွက်သူ ရပ်ကွက်သားများတွေ့ရှိသဖြင့် အော်ဟစ်တားမြစ်သောအခါမှ မဲအထည့်ရပ်သွားသည်။

၂/၅/၂၀၀၈ သျှမ်းပြည်အလယ်ပိုင်း မိုင်းရှူးမြို့ ရပ်ကွက် (၂) နေ ဝန်ထမ်းမိသားစုတစ်ခု အရေးပေါ် ခရီးထွက်ရန်ရှိသဖြင့် စစ်မှုထမ်းဟောင်း ရာအိမ်မှူးက ကြိုတင်မဲထည့်ခိုင်းသည်။ ကြိုတင်မဲ ပြားစာရွက်၏ ဘယ်ဘက်ခြမ်းတွင် အမည် အဘအမည် လက်မှတ်ရေးထိုးပြီး ကျန်ယာဘက်ခြမ်းတွင် မိမိစိတ်ကြိုက်ရေးခြစ်နိုင်သည်။ ထို့နောက် အလယ်တည့်တည့်မှဖြတ်ယူကာ ဘယ်ဘက်ခြမ်းကိုအိတ်ထဲထည့်ပြီးမဲရုံမှူးထံ ပြန်အပ်ရမည်ဖြစ်သော်လည်း အဆိုပါရာအိမ်မှူးက ကြိုတင်မဲတွဲလျက် စာအိတ်ဖွင့်ရက်သား ပြန်ပေးရမည်ဟု အမိန့်ပေးသည်။ မဲထည့်သူအား ကြက်ခြေမခတ်ရဲအောင် အကြပ်ကိုင်ခြင်းသာဖြစ်သည်။

ကျိုင်းတုံတွင်လည်း ကြံ့ဖွံ့နှင့် ကော်မရှင်တို့ပေါင်းပြီး စည်းရုံးပြောဆိုသည်မှာ ဖွဲ့စည်းပုံကို ထောက်ခံလျှင်အမှန်ခြစ်ပါ။ စစ်တပ်ကို ထောက်ခံလျှင် ကြက်ခြေခတ်ပါ– ဟူ၏။

၇/၅/၂၀၀၈ နေ့ကြိုတင်မဲအတွက် တိုကင်လိုက်ဝေရာ၌ မဲပေးခွင့်ရှိသူ ၇ ယောက်ရှိလျှင် ၄ ပြား၊ ၅ ယောက်ရှိလျှင် ၂ ပြားသာပေးပြီး အနည်းငယ်သောအိမ်ထောင်စုများကိုသာ အပြည့်ထုတ်ပေးသည်။ မူလက ၁၀/၅/၂၀၀၈ နေ့၌ မဲထည့်ရမည်ပြောပြီးမှ ၈/၅/၂၀၀၈ နေ့တွင် ကော်မရှင်လူကြီးများ လူအများရှေ့ထောက်ခံမဲ အတင်းထည့်ခိုင်းသည်။ စာမတတ်သူများနှင့် သက်ကြီးရွယ်အိုများအားလုံးအတွက် ကော်မရှင်လူကြီးများက အမှန်ခြစ်၍ ကိုယ်စားထည့်ပေးသည်။ လူငယ် လူရွယ်များသည့်ရပ်ကွက်များတွင်မူ အလုပ်ပျက်ခံကာ မဲသွားထည့်ဖို့မလိုဟု ဆိုပြန်၏။

ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲကြားကာလတွင်လွန်ခဲ့သည့် အနှစ် ၂၀ ကာလထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အကျပ်အတည်းများ ပိုမိုကြုံရနိုင်သည်။ နောက်လာမည့် ဘောင်းဘီချွတ်စစ်အစိုးရလက်ထက်တွင် ပိုမိုဆိုးရွားလာဖွယ်ရှိသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများအဖို့ အမျိုးဘာသာ စာပေပျောက်ကွယ်ဖွယ်ရာအခြေအနေမျိုးကြုံတွေ့ရမည်။ ထိုအခြေအနေမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် အဓိကအားဖြင့် စားဝတ်နေရေး ပြေလည်ရမည်။ စားဝတ်နေရေးမပြေလည်ဘဲ အမျိုးဘာသာ စာပေထိန်းသိမ်းမြှင့်တင်နိုင်မည်မဟုတ်ပေ။

ဤအချက်ကို သိရှိနှောကြေထားသော နအဖက ပြည်သူလူထု၏ ဆင်းရဲကျပ်တည်းမှုအပေါ် အကြိုက်တွေ့ အမြတ်ထုတ်နေခြင်းဖြစ်သည်။ ပြည်ရေးထက်ဝမ်းရေးခက်သည့် ကျေးလက်လူထုအပေါ် အာဏာသုံး၍ ခြိမ်းခြောက်ဖိအားပေး အကောက်ကြံပြီး ဆန္ဒခံယူပွဲ၌ လံကြုပ်ထောက်ခံမဲ ရယူခြင်းဖြစ်သည်။

လက်ရှိအနေအထားကို ကုစား နိုင်သည့် နည်းနာများအနက် တစ်ခုသော နည်းနာမှာ –

**စားဝတ်နေရေးလည်းရုန်းကန် – နိုင်ငံရေးလည်း မျက်ခြေမပြတ်**
**အင်တာဗျူးလည်း ရင်ဆိုင်တိုက် –တိုင်းရေးပြည်ရာ အာရုံစိုက်**
**ဒါမှ လွတ်လပ်မှုနှင့်ထိုက်တန်မည်**
**ဤအခြေခံသဘောတရား ပျံ့ပွါးစေရန်**
**အတန်တန်တိုက်တွန်း စည်းရုံးသင့်ပါကြောင်း။**

**ဂွမ်းလာဂု**

**စာမျက်နှာ (၃၄) မှ**

၁၅ ဒီဂရီထပ်တိုးပြီး မျက်မှန်အသစ်လုပ်ပေးဖို့ ဗိုလ်ချုပ်ဆေးထဲန့်မှာလိုက်တယ်။ ဒါပေမဲ့ မစမ်းသပ်မတိုင်းတာဘဲ ရမ်းတမ်းပန်းတမ်းမလုပ်ဖို့ ဆရာဝန်ကပြောတယ်။ အသက်ကလည်း ကြီးနေပြီဆိုတော့ မျက်စိလုံးလုံးကန်းသွားနိုင်တယ် – တဲ့” ဟုဆို၏။

အသက် ၇၀ နှစ်ကျော် ဗိုလ်ချုပ်ဆေထဲန့်တွင် ရှိရင်းစွဲ သွေးတိုးဆီးချိုရောဂါအပြင် မျက်စိအားနည်းမှုအဆိုးဆုံးဖြစ်လာသဖြင့် တစ်နေ့ထက်တစ်နေ့ ကျန်းမာရေးအခြေအနေပိုမိုစိုးရိမ်လာရကြောင်း မိသားစုဝင်များက ပြောပါသည်။

**သျှမ်းသံတော်ဆင့်**

# ဗီယက်နမ်လို မြန်မာ ဘာကြောင့် မတိုးတက်တာလဲ

ကွယ်လွန်သွားခဲ့တဲ့ ဗီယက်နမ်ဝန်ကြီးချုပ်ဟောင်းဘိုဗန်ကီ ယက်ကဗီယက်နမ်ကို စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း ပေါ်ရောက် အောင် ဆောင်ရွက်နေချိန် မြန်မာနိုင်ငံမှာလည်း လွတ်လပ်တဲ့ စီးပွါးရေး ဈေးကွက်စနစ်ကို စတင်ခဲ့တာပါ။ ဗီယက်နမ်မှာကျတော့ မြန်မြန်ဆန် ဆန်တိုးတက်လာပေမဲ့ မြန်မာနိုင်ငံမှာတော့ ဘာကြောင့်မတိုးတက်သလဲ နဲ့ပတ်သက်ပြီး ဦးကျော်ဇံသာက သုံးသပ်တင်ပြထားပါတယ်။

"ပထမဦးဆုံးကတော့ စိတ်ဓါတ်ဖြစ်ပါတယ်။ ဗီယက်နမ် လူမျိုး တွေဟာ သိပ်ကို ရန်ငြိုးဖွဲ့ပြီးတော့ စွဲမြဲထားတတ်တဲ့သူတွေမဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာဆိုရင် နယ်ချဲ့ဗြိတိသျှအုပ်စိုးခဲ့တာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်လောက်ကတည်းက ကုန်ဆုံးသွားခဲ့ပါပြီ။ အခုထိ နယ်ချဲ့ ဗြိတိသျှ ကို ဗမာအာဏာပိုင်တွေရန်ငြိုးဖွဲ့ပြီး တိုက်ခိုက်နေဆဲဖြစ်ပါတယ်။ ဗီယက် နမ်မှာနှစ်ပေါင်း ၄၀ လောက်က သူတို့ကို ဗုံးကြဲပြီးတော့ တတိုင်းပြည်လုံး ဖွတ်ဖွတ်ညက်ညက်ကြေစေခဲ့တဲ့ အမေရိကန်ကို ရန်သူလိုသဘောမထား ပါဘူး။ အခုအမေရိကန်နဲ့ဘဲ ပြန်လက်တွဲပြီးတော့ စီးပွါးရေးလုပ်နေပါ တယ်။ အလားတူစွာဘဲ တရုပ်နိုင်ငံကလည်း ဗီယက်နမ်နိုင်ငံကို နှစ်ပေါင်း ၁၀၀၀ နီးပါး လွှမ်းမိုးဖို့ ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၇၀ ကျော်ကျော် လောက်မှာလည်း ကျူးကျော်ပြီးတော့ စစ်တိုက်ခဲ့ပါသေးတယ်။ ဒါပေမဲ့ ဗီယက်နမ်တွေဟာ တရုပ်ကို ရန်သူလိုသဘောမထားဘူး။ စီးပွါးရေးလုပ် ဖော်ကိုင်ဖက်အဖြစ် ရင်းရင်းနှီးနှီးဆက်ဆံပါတယ်။ ဥပမာ ဗမာဆိုရင် ထိုင်းနိုင်ငံကို တကယ်တော့ သူတို့ကဘဲနိုင်နေခဲ့တာ။ ဒါပေမဲ့ ထိုင်းကို အခုထိရန်သူလို သဘောထားတယ်။ **ထိုင်းယဉ်ကျေးမှုအရ လက်အုပ်ချီ ပြီးတော့ အပြန်အလှန်ရှိခိုးတာတောင် ထိုင်းဘက်ကသာ ရှိခိုးတယ်။ ဗမာဘက်က အာဏာပိုင်အသိုင်းအဝိုင်းတွေ ပြန်ရှိခိုးတာ တခါမှ မတွေ့ ရပါဘူး။ ဒီလိုစိတ်ဓါတ်မျိုး ဗီယက်နမ်မှာ မရှိပါဘူး။**

ဒုတိယ အရေးကြီးတဲ့ အချက်တစ်ခုက ဗီယက်နမ် ခေါင်းဆောင် တွေဟာအရပ်သားတွေဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီဝင်တွေဟာ စစ်သား တွေမဟုတ်ပါဘူး။ ဒါကြောင့်ဗမာစစ်ဗိုလ်တွေ ကြည့်သလို အရာရာကို စစ်ရေးရှုဒေါင့်ကမကြည့်ပါဘူး။ စစ်ရဟတ်ယာဉ်ဘဲလာလာ၊ သူတို့မှာ ကူညီမယ် ဆက်ဆံရေးလုပ်မယ်ဆိုရင် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း လက်ခံပါတယ်။

နောက်တစ်ခုကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဗီယက်နမ်အကောင်အထည်ဖော်တာ သိပ်အံ့သြဖို့ကောင်းပါတယ်။ အတိုက်အခံပါတီမရှိပေမဲ့ တောင်ပိုင်းနဲ့မြောက်ပိုင်းကြား လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ တောင်ပိုင်းဟာ အမေရိကန်နဲ့ နီးစပ်တယ်။ မြောက်ပိုင်းက ကွန်မြူနစ်တွေဖြစ်တယ်။ နှစ်တော်တော်များများ တောင်ပိုင်းသားတွေကို နေရာမပေးဘူး။ အခုအခါမှာ ပေါ်လစ်ဗျူရို နေရာမျိုးမှာ တောင်ပိုင်းသားတွေကို နေရာပေးတဲ့အတွက် တောင်ပိုင်း၊ မြောက်ပိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေး ပြဿနာဟာ ပြေလည် သွားပြီဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ လူဦးရေနဲ့ ပတ်သက်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ လူဦးရေရဲ့ ၇၀ % ကျော်ကျော်ဟာ အသက် ၃၀ အောက် လူငယ်တွေချည်းဘဲ ဖြစ်ပါတယ်။ ဆိုတော့ အစိုးရက စစ်မှန်တဲ့ မူဝါဒလမ်းစဉ်တွေနဲ့လမ်းဖွင့်ပေးတော့ လူငယ်တွေဟာအားသစ်မာန် သစ် နဲ့ တက်တက်ကြွကြွ ကြိုးစားတာကို ကြည့်ရပါတယ်။

ဒါတွေဟာ အဓိကအားဖြင့် မြန်မာနိုင်ငံမဖွံ့ဖြိုး ဈေးကွက်စီးပွါး ရေးစနစ်ကိုကျင့်သုံးတယ်ဆိုပေမဲ့ တကယ့်ဖွံ့ဖြိုးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မရှိဘဲနဲ့ ဗီယက်နမ်ကျတော့ တကယ်ပြုပြင်ပြောင်းလဲတဲ့အတွက် တိုးတက်သွားတယ်လို့ ဆိုရပါမယ်။"

**ဦးကျော်ဇံသာ**

(VOA ၁၁/၀၆/၂၀၀၈)



သားခေါင်းဆောင်များ စွဲမှတ်ယုံကြည်ထားရမည်။

- ၁၉၄၇ ပင်လုံသဘောတူညီချက်၊ ၁၉၆၂ ဖက်ဒရယ်ကိစ္စ ပါလီမန်လွှတ်တော်အစည်းအဝေး၊ ၁၉၉၀ ရွေးကောက်ပွဲအပြီး ကတိကဝတ်ပြုစသည်တို့အပေါ် အာဏာရဗိုလ်ချုပ်ကြီးများ အလွယ်တကူ ကျူးလွန်ဖောက်ဖျက်ဘူးမှတော့၊ မိမိတို့အာဏာတည်မြဲရေးအတွက် ဘာကိုမဆို လျစ်လျူရှုချိုးဖောက်ပစ်ပယ်ရန် ဝန်လေးကြမည်မဟုတ်။

- မင်းမှာသစ္စာ လူမှာကတိဆိုသည်ကား ဗိုလ်သန်းရွှေ စစ်အုပ်စုအဖို့–ဖုတ်လေသည့်ငပိ။ ဟီရိဩတ္တပ္ပနတ္တိ အချည်းနှီး၊ လူကြီးလူကောင်းကျင့်စဉ်–မူး၍ရှူစရာပင်မရှိ။ ရာဇ္ဇန်းပြည့် အာဏာရူး အစစ်ဖြစ်၏။ နိုင်ငံရေးပဋိပက္ခဖြေရှင်းရန် ဒင်းတို့နှင့် ဆွေးနွေးညှိနှိုင်း အပေး



# ဒီမိုကရေစီမဲ့၊ အာဏာရှင်ရဲ့ဖွဲ့စည်းပုံပြယုဂ်

"ဒါကတော့ လုံးဝမတရားတာ။ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဒီမိုကရေစီမရှိဘဲနဲ့ သူတို့စစ်အာဏာရှင်နေပြီးတော့ လုပ်ချင်နေတယ်ဆိုတာ တကယ်ဘဲအမှန်ဖြစ်သွားမှာပေ့ါ။ အခုအခြေခံဥပဒေအတိုင်းဆိုရင်လည်း ပြည်နယ်တွေကို လုံးဝဂရုစိုက်တာမရှိတော့ဘူး။ သူတို့အခုတင်ပြနေတဲ့အလံတောင်ကြည့်ပါလား။ အဲဒီအထဲမှာ ကြယ်တစ်ပွင့်ဘဲရှိတယ်။ ကျန်တဲ့ကြယ်တွေ လုံးဝမရှိတော့ဘူး။ ကြွေကျသွားပြီ။ အဲတော့ ပါတီ(၃) ခုလောက်ဆိုလို့ရှိရင်တော့ ကျနော်တို့ထင်တာက နှစ်ပါတီဟာ သူတို့ပါတီဖြစ်မယ်။ တစ်ပါတီက လူထုပါတီဖြစ်မယ်။ အဲဒီနေရာမှာ ပြည်နယ်ကိုယ်စားပြုတဲ့ ပါတီရယ်လို့ မရှိပေမဲ့ အဲန်အယ်လ်ဒီရှိရင်တော့ တော်ပါသေးတယ်လို့ဆိုရမှာပါ။ ကျနော်တို့ တိုင်းရင်းသားတွေကို အတင်းချေဖျက်တာဘဲ။ လုံးဝကို ပိတ်ပင်ထားတဲ့သဘောဖြစ်သွားတာပေ့ါဗျာ။ အဲဒါကတော့ အင်မတန်မှဝမ်းနည်းစရာကောင်းတဲ့ အချက်ဘဲလို့ ကျနော် ယူဆရမှာပါ။"

*စည်းလုံးညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA) မှ*

**ဗိုမှူးအမျိုးသားကွန်ဂရက်ဥက္ကဋ္ဌ ပူကျင့်ရှင်းထန်**

အယူလုပ်ခြင်းမှာ ဘာမျှအရေးပါ အရာထင်မည်မဟုတ်ပေ။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်အသီးသီးတယောက်ပြီးတယောက်၊ နောက်ဆုံးကုလထွေချုပ် ဗန်ကီမွန်းအဆုံး၊ ဗိုလ်သန်းရွှေတို့ကတုံးပေါ် ထိပ်ကွက်၊ လိမ်လည်မျက်လှည့်ပြအသုံးချလိုက်သည်။ မြစ်ဝကျွန်းပေါ်ဒေသ နားဂစ်လေမုန်တိုင်းဒုက္ခသည်များ နိုင်ငံမရွေး၊ အဖွဲ့အစည်းမရွေး၊ ထောက်ပံ့မှု/နည်းနာမရွေးလွတ်လပ်မျှတစွာ ဝင်ရောက်ကူညီခွင့်ပြုမည်ဟု ဗန်ကီမွန်းရှေ့မှောက်–အာမခံခဲ့သော ဗိုလ်သန်းရွှေ၏ ကတိကဝတ်ကားအဘယ်နည်း။ ကုလထိပ်သီး ထွေချုပ်ကြီးကိုပင် ခုတုံးသုံးလိုက်သည့် လက်သံပြောင်ပြောင်ရာဇဝတ်ကောင်လုပ်ရပ်ပင်မဟုတ်ပါလော။ ဘီလူးခေါင်းဆောင်း သရဲသဘက်၊ လက်နက်အားကိုးမကောင်းဆိုးဝါးစစ်အာဏာရှင်၊ အဘယ်မှာလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အလားတူ သူတော်စဉ်တပ်မှူးကြီးဖြစ်တော့မည်နည်း?။

**(အရှေ့ရိုးမ–တောပုန်းကြီးစံဖဲ)**


**ၵေႃးၶၢဝ်ႇ,ၽူႈတွႆႇ,ၸွၵ်ႈ (ၵွၼ်းၶေႃ)**

| | |
|---|---|
| **ၽူႈပွင်ၵၢၼ်** | ၸၢႆးၼိုၼ်းသႅင် |
| **ၽူႈထတ်းထွင် (လိၵ်ႈတႆး/မၢၼ်ႈ)** | ၸၢႆးသႅင်လိုၼ်ႈ |
| **ၽူႈသိုဝ်,ၶၢဝ်,** | ၼၢင်းသႅင်ၶဵဝ်ၽႃ, |
| | ၸၢႆးလႅင်းလိူၼ် |
| | ၸၢႆးၽွၼ်းလီ (ၼၢင်ႈလုမ်း) |
| | တႅၼ်းတႆး၊ |
| | ၶိုးသယၢမ်၊ |
| | ဝိရိယ (ပိုၼ်ႇတီႈ) |
| **ၽိမ်းလိၵ်ႈ** | ၼၢင်းယေႈၸွမ်ၶိူင်း၊ |
| | ၸၢႆးယီႈၽူင်း |
| **ႁၢင်ႈၶိူင်ႈ** | ဝ႑လိင်,တ |
| | ၸၢႆးၼုမ်,ၵွၼ်း |



**သျှမ်းသံတော်ဆင့်သတင်းစဉ် (Shan Herald)**

| | |
|---|---|
| **အယ်ဒီတာချုပ်** | ဦးခွန်စိုင်း |
| **အယ်ဒီတာ (သျှမ်း/ဗမာ)** | စိုင်းစိန်ကြည် |
| **သတင်းထောက်** | နန်းဆယ်နံခယိုဖှာ |
| | စိုင်းလျှံလေင် |
| | စိုင်းဖွမ်းလီ (ရှံး) |
| | တိန်းတိုင်း |
| | ချိုင်းဆယာမ် |
| | ဝိရိယ (ဒေသခံ) |
| **စာစီစာရိုက်** | နန်းယွေ့ဟွမ် |
| | စိုင်းယို့ဖုန်း |
| **ဒီဇိုင်း** | ဝါလိင်တ |
| | စိုင်းနွံဂွဏ်း |

# မင်းဆိုးမင်းညစ်အာဏာရှင် သူတော်စင်တပ်မှူးအလျဉ်းမဟုတ်

လွတ်လပ်ရေးမီးရှူးတန်ဆောင်ကြီးအဖြစ် အသိအမှတ်ပြု လေးစားခြင်းခံရသော ဗိုလ်ချုပ်အောင်ဆန်းမှလွဲ၍ အာဏာပိုင် ဗမာစစ်ဗိုလ်ချုပ်ကြီးများ၌ ကတိကဝတ်သစ္စာတရားခေါင်းပါးကြသည်ကို တလျှောက်လုံးတွေ့ရှိရ၏။

တရုတ်ဖြူ ကွန်မင်တန် နိုင်ငံခြားတပ်များအား ချေမှုန်းတိုက်ထုတ်ရန်အကြောင်းပြချက်ဖြင့် ၁၉၅၂ ကတည်းက သျှမ်းပြည်ကိုကျူးကျော်သိမ်းပိုက်လိုက်ပြီးနောက်ပိုင်း ရာစုနှစ်တဝက်ကျော်တပ်စိုက်အခြေချလာသည်မှာ ယနေ့ထက်တိုင်ဖြစ်၏။

၁၉၄၉ နှစ်နှောင်းပိုင်းမှစ၍ မော်စီတုန်းဦးဆောင်သော တရုတ်ကွန်မြူနစ်တို့အပေါ် အရှုံးပေးထွက်ပြေးရပြီး တရုပ်ပြည်ကို ပြန်တိုက်ယူရန် အင်အားအလုံးအရင်းဖြင့် သျှမ်းပြည်အတွင်း ဝင်ရောက်ခြေကုတ်တပ်စွဲလာသူ ကူမင်တန်တရုပ်ဖြူတို့ကား တိုက်ခိုက်နှင်ထုတ်လိုက်ရသည်ဟု ဗမာစစ်တပ်ကဆို၏။ အမှန်စင်စစ် သျှမ်းပြည်အပေါ် စစ်အင်အားသုံး သိမ်းပိုက်လိုက်သည့် အကြောင်းပြချက်တစ်ခုမျှသာဖြစ်သည်။

ထိုအချိန်မှစ၍ ( ဗမာပြည်အစိုးရကိုယ်စား) ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ပင်လုံသဘောတူညီချက်များလည်း ကျောခိုင်းလျစ်လျူရှုခြင်းခံခဲ့ရသည်။ ပင်လုံစာချုပ်မှ အာမခံကျားကန်ပေးထားသော တိုင်းရင်းသားပြည်နယ်များအပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ဘဏ္ဍာရေးစီမံ လွတ်လပ်ခွင့်စသည်တို့မှာလည်း ရေစီးကြောင်းနှင့်အတူ ပျက်ပြယ် ပျောက်ကွယ်ခဲ့ရသည်။

အာဏာသိမ်းစစ်အစိုးရအဘို့ ကမ္ဘာမှာ နာမည်ဆိုး အဖြစ်မှ ရှောင်ရှားရန် အမှတ်ကောင်းပြန်ရရေးအတွက် လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ၁၉၉၀ ၌ ကျင်းပပေးခဲ့သော်လည်း မိမိဘက်တော်သားလက်ပါးစေ အလိုတော်ရိနိုင်ငံရေးပါတီများ မရှုမလှရှုံးနိမ့်ခဲ့ကြ၏။ နှစ်ရှည်လများ ဒီမိုကရေစီ ဆာလောင်မွတ်သိပ် လိုလားတောင့်တကြသည့် ပြည်သူလူထုက အတိုက်အခံ NLD/ SNLD တို့အား တခဲနက်ထောက်ခံအားပေးခဲ့ကြ၏။

သို့သော် ရွေးကောက်ပွဲပြီးသည်နှင့် လွှတ်တော်ခေါ်ပေးပြီး အနိုင်ရ နိုင်ငံရေးပါတီတို့အား အခြေခံဥပဒေရေးဆွဲရန်နှင့် အရပ်သားအစိုးရဖွဲ့ရန် အာဏာလွှဲအပ်ပေးမည်။ တပ်မတော်ကလည်း စစ်တန်းလျားသို့ပြန်တော့မည် ဟုအာမခံခဲ့သော ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကတိစကားလည်း သဲထဲရေသွန် အချီးနှီးဖြစ်ခဲ့၏။

၁၉၉၂ မှစ၍ ဗိုလ်စောမောင်အရိုက်အရာ ဆက်ခံခဲ့သူ လက်ရှိမင်းဆိုးမင်းညစ်ကေရာဇ်ကြီး ဗိုလ်သန်းရွှေ လက်ထက်မှာကား နောက်လာသည့်မောင်ပုလဲ ဒိုင်းဝန်ထက်ကဲသာမက အဆုံးစွန် လက်ရဲဇက်ရဲ စောမောင်ထက်ကြဲ နှိပ်ကွပ်ချုပ်ခြယ်လာတော့သည်။

စစ်အုပ်စု သက်ဆိုးရှည်စေရန် ၁၄ နှစ်ကြာ အချိန်ယူရေးဆွဲခဲ့သည့် စစ်ဗိုလ်တမတ်သားဖွဲ့စည်းပုံကို အတည်ပြုရန် ကျင်းပခဲ့သည့် ဗိုလ်သန်းရွှေအလိုကျ မေ ၁၀ ရက် ဆန္ဒခံယူပွဲ ရလာဒ် အရ ၉၂.၄% ထောက်ခံမဲ အနိုင်ရလိုက်သည်ဟု ဆိုလိုက်ခြင်းမှာလည်း ကလိမ်ကကျစ်နည်းအတိုင်း ပြောင်ကျကျ လံကြုပ်လိုက်ခြင်းဖြစ်၏။

၁၉၉၀ ရွေးကောက်ပွဲ၌ စစ်အာဏာရှင်တို့၏ ဘက်တော်သားလက်ပါးစေ နိုင်ငံရေးပါတီများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပါလီမန်အမတ် ၁၀ ယောက်ခန့်သာ ထောက်ခံမဲထည့်ရွေးခြယ်ခဲ့သည့် ပြည်သူလူထုအဖို့ အနှစ် ၂၀ ကျော်ဓါးမိုးအုပ်ချုပ်သူများ ဦးဆောင်ရေးဆွဲသည့် အခြေခံဥပဒေကိုကျမှရာနှုန်းပြည့်နီးပါးတခဲနက် ထောက်ခံမဲပေးကြသည်ဟုဆိုခြင်းမှာ အံ့သြ ကုန်နိုင်ဖွယ်ပါပေ။

ဗိုလ်သန်းရွှေစစ်အုပ်စု အာဏာမြဲနေသမျှ ကာလပတ်လုံး ရှေ့အနာဂါတ်အဖို့လည်း ပြည်သူလူထု၏ လိုလားတောင့်တမှု ဆန္ဒအစစ်အမှန် ဆက်လက်ငြင်းဆန် သွေဖည်ကျောခိုင်းခံနေဦးမည်ဖြစ်သည်။

အပ်ကြောင်းထပ်လုပြီဖြစ်သော အနှစ် ၂၀ သံချိုးစာအရ ဗိုလ်သန်းရွှေ စစ်အုပ်စုတို့ထံမှ ဘာအလားအလာ အရိပ်အယောင်မျှ မျှော်လင့်၍မရနိုင်တော့ကြောင်း ဒီမိုကရေစီဘက်တော်သား တိုင်းရင်း



စာမျက်နှာ (၄၂) သို့

# ပၵ်းၽႃင်ယၼ်ႉပိုၼ်း
# ၵိုၵ်းပိုၼ်းၽိုင်ႉၵဝ်ႇ



ထၢတ်ႈလေးတီး (ၵွင်းမူး=ကောင်းမှု)
ၸၢင်းယေႃးသိင်ၵေႃႉ, (ၵမ်ႉလွင်ႈ ယိူဝ်ႉ သိင်ၵေႃႉ)
မီးၸွင်ႈဝၢင်းဝတ်ႇႁၢင်းမူလ်ႉတေႃႉ, ပွၵ်ႉတူၵ်း ဝိင်းမိူင်းပၢၼ်ႉ,
ၵိမ်းတၢင်းလူင်ၵွၵ်ႉ,ၵူႉ,ႁူဝ်ၽၢႆမွၵ်ႉ,လၢမ်—လွႆႈၸွႆႈ။
(ၸမ်းၵုမ်းၶိုၼ်းထၢတ်ႈလေးတီးၵဝ်ႉသေ တၢင်ႉထီးမိူဝ်ႈ 1973)

## ၽိုင်ႈတင်ႈလိုဝ်ႈမိူဝ်ႈႁွၼ်ႉ

လၢႆး = ဢၢႆႈ/လူင်၊ ယီႈ၊ သၢမ်၊ သႆႇ၊ ငူဝ်ႇ၊ လူၵ်ႈ၊ ၸဵတ်း ....
ယိင်း = ယေးႈ/ဢူၺ်ႈ၊ ဢီႈ၊ ဢၢမ် (ဢၢမ်း)၊
ဢႆႇ၊ ဢူဝ်ႈ၊ ဢူၵ်း၊ ဢဵတ်း ....
တႆးတေႃႈ (တၢင်းတူၵ်းသူင်း) ၵမ်ႈၸမ်ၶၢမ်ႇလွမ်းယဝ်ႉ။
ၵိုတ်းတႆးၶိုၼ်/လိုဝ်ႇ/လီမ်း/လွႆ/သၢမ်တၢဝ်ႇ လိုဝ်ႈၸႆႉႁူပ်းတိုၵ်ႉယိပ်းတိုဝ်း။

လဝ်ႈၸႄႈတီႈသိုၵ်းမၢၼ်ႈၵျၢတိလ္ဘပ်း လုမ်းလိုဝ်းၵမ့်လွႆႈႁူၸၼ်းထူပ်းဖေးလူမ်းလိၵ်ႇၸႄႈၵိတ်ႇသ်




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org